The Mirror Daily
၁၉၅၇ ဖြင့် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 15 September 2020 ၁၀၁၃၆

# တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန
ထုတ်ပြန်ကြေညာချက်**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၄ ရက်)

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသည် တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ရသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးကြီးလှသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေးတို့ကို အစဉ်တစိုက် အလေးပေးဖော်ဆောင်လျက်ရှိပါသည်။

၂။ ထိုသို့ တွေ့ဆုံဆွေးနွေးမှုများ အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နေစဉ်မှာပင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေး အချိန်ကာလနှင့် တွေ့ကြုံခဲ့ရသဖြင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်။ သို့သော်လည်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ပါဝင်သော အစိုးရအစုအဖွဲ့၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့တို့နှင့် ညှိနှိုင်းပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

၃။ တပ်မတော်အနေဖြင့်လည်း COVID-19 ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၄။ တပ်မတော်၏ထုတ်ပြန်ကြေညာချက်နှင့်ဆောင်ရွက်ချက်များသည် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ဆုံးဖြတ်ချက်ကို လိုက်ပါဖော်ဆောင်ရာရောက်သည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများကို ကောင်းစွာ အထောက်အကူဖြစ်စေခဲ့ပါသဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနက ကြိုဆိုပါသည်။

၅။ ထိုသို့ တပ်မတော်အပါအဝင် သက်ဆိုင်သည့် အဖွဲ့အစည်းများက ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာမှန်ဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ခဲ့မှုများကြောင့် COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၀ ရွေးကောက်ပွဲများအလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ရေးအတွက် အရေးကြီးလှသော ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း (၃)ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော စစ်မှန်သည့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။


## ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)၌ လူနာဆောင်များ တိုးချဲ့ပြင်ဆင်ပြီးစီးပါက လူနာပေါင်း ၁၂၂၀ အား ထားရှိကုသနိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး) ၌ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများ ထားရှိရန်အတွက် အဆောက်အအုံများကို ပြုပြင်မွမ်းမံ တိုးချဲ့ဆောက်လုပ်လျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လူနာပေါင်း ၁၂၂၀ အား ထားရှိကုသနိုင်မည် ဖြစ်ကြောင်း ပြုပြင်မွမ်းမံ တိုးချဲ့ဆောက်လုပ်လျှဒါန်းသည့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အများစု၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့်လူနာများ နေ့စဉ်နှင့်အမျှ များပြားလာသောကြောင့်

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❐



**ကြေးမုံ ယနေ့ ဖတ်စရာ**

တစ်နှယ်ငင်…သော်…

ဆောင်းပါး စာမျက်နှာ » ၆

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာအား ဆက်ခံမည့်သူအဖြစ် အာဏာရပါတီ ဥက္ကဋ္ဌ ဆူဂါအား ရွေးချယ်

စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ ကြောင့် ယိမ်းယိုင်သွားသည့် ခရီးသွားလုပ်ငန်းများ မြှင့်တင်မှုအနေဖြင့် နိုင်ငံသားများအား အခမဲ့အပန်းဖြေ ခရီးထွက်နိုင်ရန် ထိုင်းအစိုးရဆောင်ရွက်

စာမျက်နှာ » ၁၃



# ကြေးမုံ

## မိဘဘိုးဘွားများအသက်ကို ကယ်တင်

ရန်ကုန်သည် ကိုဗစ်-၁၉ ပိုးတွေ့လူနာအများဆုံးဖြစ်ပေါ်နေသည့် ဒေသဖြစ်၍ မကြာသေးမီရက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပေါင်းစည်းညှိနှိုင်းရေးကော်မတီကိုဖွဲ့စည်းကာ နေ့စဉ်တိုးပွားနေသော ပိုးတွေ့လူနာများအရေးကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်။

ရန်ကုန်ရှိ ကိုဗစ်အနေအထားသည် တစ်ဆင့်ပြီးတစ်ဆင့် တက်တက်လာပြီး တိုးပွားနေသော အနေအထားဖြစ်သည်။ အစောပိုင်းက နေ့စဉ်ဆယ်ဂဏန်းမျှ တက်နေရာမှ ယခုနောက်ပိုင်းတွင် နေ့စဉ်ရာဂဏန်းသာမက ၂၄ နာရီအတွင်း ပိုးတွေ့လူနာ တစ်ရာ၊ နှစ်ရာ၊ သုံးရာ ဖြစ်လာသည်။ ထို့ကြောင့် ပိုးတွေ့လူနာများအား ကုသမှုပေးရေးနှင့် ရောဂါပိုးတွေ့ရှိမှုများ အရှိန်အဟုန်ဖြင့် တိုးမလာအောင်၊ လက်ရှိအနေအထားကို ထိန်းထားနိုင်အောင် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေရသည်။

ရောဂါ၏သဘောတရားအရ များသောအားဖြင့် ဖြစ်ပွားမှု ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းခန့်သည် ဖြစ်ပွားပြီးနောက် ပြန်လည်သက်သာပျောက်ကင်းသွားတတ်သည်။ သို့သော် ရောဂါအခံရှိသူများနှင့် သက်ကြီးရွယ်အိုများအတွက်မူ စိုးရိမ်ဖွယ်ရာအခြေအနေရှိပြီး မူလက ကိုဗစ်ရောဂါကြောင့် သေဆုံးသူ ခြောက်ဦးသာရှိခဲ့ရာမှ ယခုအခါ သေဆုံးသူ ၃၂ ဦးအထိ လျင်လျင်မြန်မြန် ဖြစ်လာခဲ့သည်။

ယခုအခါ ကိုဗစ်ရောဂါသည် ပြည်သူလူထုကြားတွင် ပြန့်ပွားနေပြီဖြစ်သည်။ ရောဂါကူးစက်ဖြစ်ပွားရာ၌ ၇၀ ရာခိုင်နှုန်းသော ပိုးတွေ့လူနာများတွင် မည်သည့်ရောဂါလက္ခဏာမျှမပြသဖြင့် ကူးစက်ပျံ့နှံ့မှု ပိုမိုမြန်ဆန်လွယ်ကူလာသည်။ ထို့ကြောင့် ပြည်သူလူထုအတွင်း လူအချင်းချင်းထိတွေ့ဆက်ဆံခြင်း၌ လူတိုင်းလူတိုင်း ရောဂါပိုးရှိနိုင်သည်ဟု ခံယူချက်ထားပြီး ရောဂါဘေးအန္တရာယ်ကင်းဝေးအောင် ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို မပျက်မကွက်ဆောင်ရွက်သင့်ပါသည်။ မည်သူမဆို၊ မိမိမိသားစုပါမကျန် ခပ်ခွာခွာနေထိုင်ကြပြီး နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ လူစုလူဝေးရှောင်ရှားခြင်းဖြင့် ရောဂါကူးစက်မှု လျော့ကျအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့မှသာ ရန်ကုန်မြို့ကြီးကို ကယ်တင်နိုင်မည်ဖြစ်သည်။ ရောဂါကာကွယ်ရေးအချက်များကို လူတိုင်းလူတိုင်း မဖြစ်မနေ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ ရန်ကုန်တွင် ရောဂါပိုးတွေ့လူနာများထားရာ ဆေးရုံများမှာ လူနာ ၉၀ ရာခိုင်နှုန်းမျှ ပြည့်နှက်နေသဖြင့် ယာယီဆေးရုံနေရာများ တိုးချဲ့တည်ဆောက်နေပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့က အပြင်းအထန် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို ပြည်သူလူထုအနေဖြင့် အခြေအနေကို မှန်မှန်ကန်ကန် သိရှိနားလည်ကာ ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါသည်။

ရန်ကုန်ကို အောင်နိုင်ရေးအတွက် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် ကျန်းမာရေးဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါး၊ ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စိတ်ဓာတ်အင်အားအပြည့်ဖြင့် ပါဝင်ဆောင်ရွက်နေကြရာ ကြိုးပမ်းဆောင်ရွက်နေမှုများကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသည်။ ပြည်သူလူထု ရောဂါကင်းဝေးရေးအတွက် အင်နှင့်အားနှင့် စိတ်ဓာတ်အင်အားအပြည့်ဖြင့် ဆောင်ရွက်နေကြသူအားလုံးတို့ကို ပြည်သူလူထုအပေါင်းက ဦးညွှတ်အလေးပြုကြရမည်ဖြစ်သည်။

ကျန်းမာရေးဘက်မှ ယခုကဲ့သို့ ဆောင်ရွက်ချက်များသည် လူအများ၏ အသက်များကို ကယ်တင်နိုင်ရန်အတွက်ဖြစ်သည်။ ပြည်သူများ၏ ပေါ့ဆလိုက်မှုကြောင့်၊ လူငယ်များ၏ လိုက်နာမှုအားနည်းသောကြောင့် မိမိတို့၏ အသက်မသေနိုင်သော်လည်း မိမိတို့၏ သက်ကြီးရွယ်အို မိဘ၊ ဘိုးဘွားများနှင့် ရောဂါအခံရှိသူများ၏ဘဝများ ပျောက်ဆုံးကြွေလွင့်မသွားစေရန်အတွက် ပြည်သူအားလုံးတို့က ရောဂါကာကွယ်ရေးကို အလေးအနက်ထားလိုက်နာဆောင်ရွက်ကြဖို့ လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့၏ ဘိုးဘွား၊ မိဘ၊ ဆရာသမား သက်ကြီးရွယ်အိုများနှင့် ရောဂါအမျိုးမျိုး ခံစားနေကြရသည့် ဝေဒနာသည်များ၏ဘဝများ အလွယ်တကူ ဆုံးရှုံးမသွားစေရေးအတွက် ဝန်နှင့်အားမမျှအောင် ရုန်းကန်ကြိုးစားနေကြသော ကျန်းမာရေးဝန်ထမ်းများအား အလေးအမြတ်ထားပြီး အားလုံးဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူလူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ခုနစ်ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူ ရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ နှစ်ပတ်၊ သုံးပတ်ခန့် အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့သွားရောက်ရပါက Mask များ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှုမြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၉,၉၀၀ | ၈၅၂ | ၈,၄၃၅,၈၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၂,၃၁၅ | ၈,၅၆၆,၂၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၀၀၀ | ၂၂၆ | ၄,၉၇၂,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၅၆ | ၁၅၆,၅၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၄

**ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၅၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၁၀/၄၄၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀/၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၉.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၆.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၈၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၄၄၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၉၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၀၈၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၆.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၃.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၄.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအား တားဆီး၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက် အသွားအလာကန့်သတ်နေသည့်ကာလအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအား တားဆီး၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း အသွားအလာကန့်သတ်နေသည့် ကာလအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။



**ကျော်လွှားနိုင်ရန်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ပထမလှိုင်းကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့ပြီး ကိုဗစ်-၁၉ ဒုတိယလှိုင်း ရိုက်ခတ်မှုပြင်းထန်လာမှုအပေါ် ပြည်သူ၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများရှိသကဲ့သို့ စားဝတ်နေရေးနှင့် စီးပွားရေးကိစ္စများကို ကျော်လွှားနိုင်ရန်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်မှုများကို ရပ်တန့်မှုမရှိရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများအား ညှိနှိုင်းဆောင်ရွက်ရန် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေး ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ထိန်းချုပ်ကာကွယ်ပြီး ကုန်သွယ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးနှင့် ရေတိုအတွင်း၌ ကုန်စည်စီးဆင်းမှုများအပေါ် ထိခိုက်မှုရှိလာသည်ကို လွယ်ကူလျင်မြန်ချောမွေ့အောင် ဆောင်ရွက်သင့်သည့် အစီအစဉ်များကိုလည်း ဆွေးနွေးပြောကြားပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လူဦးရေထူထပ်ပါက အမြန်ဆုံးပြန့်ပွားတတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး၌ ဖြစ်ပွားသည့်အတွေ့အကြုံအရ သိရှိရပြီး မိမိတို့ဝန်ထမ်းများအနေဖြင့်လည်း မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်၊ ကုန်စည်စီးဆင်းမှုလုပ်ငန်းများတွင် အထောက်အကူပြုရေးအတွက် ဆောင်ရွက်သင့်သည်များကိုလည်း ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေး အကြံပြုပေးကြရန် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက အရေးကြီးသည့်အချိန်ကို ရောက်နေသဖြင့် Supply Chain မပြတ်တောက် စေရေး၊ ခရီးသွားကန့်သတ်ချက်များကြောင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး၊ ဆေးဝါးပစ္စည်းများ ပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအေးမောင်စိန်က ကိုဗစ်-၁၉ အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှုများ၊ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြပြီး ရန်ကုန်မြို့တော်ဝန်က ကုန်စည်စီးဆင်းမှုမှန်ကန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှုနှင့် စီစဉ်ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းချုပ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းချုပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်စက်မှုအသင်းချုပ်တို့မှ တာဝန်ရှိသူများက ကုန်စည်စီးဆင်းမှုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက CERP အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Cash for Work စီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သိရှိနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**သတိရှိရှိလုပ်ဆောင်**

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အစည်းအဝေးကို မိမိတို့ ဦးစီးဌာနအနေဖြင့် CERP အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Cash for Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေသုံးစွဲမှု၊ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တင်ဒါလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား သိရှိလိုခြင်းကြောင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို သတိရှိရှိ လုပ်ဆောင်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နေထိုင်ကြရန်၊ အခက်အခဲများကြားမှ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းတစ်ဦးချင်းစီတိုင်းအား မိမိအနေဖြင့် ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက CERP အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Cash for Work စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေသုံးစွဲမှု၊ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တင်ဒါလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် ကဏ္ဍအလိုက် လိုအပ်ချက်များ၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ လမ်းညွှန်ချက်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဗီဒီယိုကွန်ဖရင့်စနစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသီးသီးမှ ဦးစီးမှူးများ၊ ဘဏ္ဍာရေးအဖွဲ့များ၊ M&E အဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ရှေ့ဖုံးမှ**

ထပ်တိုးလူနာများထားရှိရန်အတွက် စက်တင်ဘာ ၁ ရက်မှစတင်၍ တိုးချဲ့ဆောင်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောကြားသည်။

**တိုးချဲ့ပြင်ဆင်ဆောင်ရွက်နေ**

စက်တင်ဘာ ၁၀ ရက်တွင် လူနာ ၁၁၆ ဦးထားရှိနိုင်မည့် မန္တလာဆောင်နှင့် စက်တင်ဘာ ၁၁ ရက်တွင် လူနာ ၁၀၀ ထားရှိနိုင်မည့် မြင်းမိုရ်ဆောင်တို့၌ လူနာများထားရှိထားပြီဖြစ်ကြောင်း၊ ရာမညဆောင်တွင်လည်း ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်၍ ယမန်နေ့ညနေပိုင်းက လူနာများထားရှိထားပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)၌ လူနာ ၁၆၀ စီ ထားရှိနိုင်မည့် ပိတောက်ဆောင်နှင့် ကံ့ကော်ဆောင်တို့ကိုပါ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူနာစုစုပေါင်း ၃၂၀ ထားရှိမည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လူနာပေါင်း ၁၂၂၀ ကို ထားရှိကုသနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)၌ ပိုးတွေ့လူနာများနှင့် အတည်ပြုလူနာများအား ထားရှိထားသော်လည်း နောက်ပိုင်းတွင် အရေးပေါ်လူနာများသာထားရှိကုသသွားမည်ဖြစ်ကြောင်း၊ ထပ်တိုးလူနာများပြားလာပါက အဆောင်များ ထပ်မံတိုးချဲ့၍ရနိုင်သော်လည်း ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများအပါအဝင် လုပ်အားပေးအင်အား အခက်အခဲရှိနိုင်သောကြောင့် ပိုးတွေ့လူနာများကို ကန့်သတ်စောင့်ကြည့်စင်တာများတွင်သာ ထားရှိရန် ကိုဗစ်-၁၉ ရောဂါ ကော်မတီက စီစဉ်ထားကြောင်း တိုးချဲ့ဆောင်များကို တာဝန်ယူပြင်ဆင်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်၏ ပြောကြားချက်အရ သိရသည်။

**လွှဲပြောင်းပေးအပ်**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ အဆောက်အအုံများကို ပြုပြင်မွမ်းမံတိုးချဲ့ဆောက်လုပ်၍ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)အဖြစ် ဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သောကြောင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်က လွန်ခဲ့သည့် ဧပြီ ၂ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ် သိန်းပေါင်း ၁၀၀၀၀ အကုန်အကျခံကာ ပြုပြင်မွမ်းမံ တိုးချဲ့ဆောက်လုပ်လှူဒါန်းခဲ့ရာ ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် ရောဂါပိုးကူးစက်ခံရသော အတည်ပြုလူနာများကိုထားရှိမည့် အထူးကြပ်မတ်ကုသဆောင်(ICU) လေးဆောင်၊ လူနာကုသဆောင်ငါးဆောင်၊ CT Scan ထားရှိမည့်အဆောင်တစ်ဆောင်၊ အုပ်ချုပ်မှုအဆောင်တစ်ဆောင်၊ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနေထိုင်မည့် အဆောင်သုံးဆောင်ပါဝင်သည့် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီညှိနှိုင်းအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ပြည်နယ်များမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ကလေးသူငယ်အရေးကိစ္စ ကျွမ်းကျင်ပညာရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။


အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အမျိုးသားအဆင့် ပထမအကြိမ် အစီရင်ခံစာကို UNCRC Committee သို့ ၁၉၉၅ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ပူးတွဲအစီရင်ခံစာကို ၂၀၀၉ ခုနှစ်တွင် လည်းကောင်း တင်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ ယခုပဉ္စမနှင့် ဆဋ္ဌမအကြိမ် ပူးတွဲအစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ကြောင်း၊ မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အရ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် (Maternal and Child Cash Transfer Program–MCCT) ကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လက်ရှိ MCCT အကျိုးခံစားခွင့်ရှိသူ ၄၄၁၈၂၂ ဦးအား ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထို့အပြင် ကလေးသူငယ်အားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ပေးနိုင်မည့် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (Early Childhood Intervention –ECI) ဝန်ဆောင်မှုလုပ်ငန်းစနစ် ပေါ်ထွန်းလာစေရေးအတွက် စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းအဖွဲ့၊ နည်းပညာအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ကနဦးစီမံချက်ဒေသအဖြစ် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာ ခုနစ်ရွာတို့မှ မွေးစမှ ငါးနှစ်အောက်ကလေးငယ်များအားလုံးကို မိသားစုအခြေပြု ECI ဝန်ဆောင်မှုပေးခြင်းကို ဆက်စပ်ဝန်ကြီးဌာနများ၊ ကျွမ်းကျင်ပညာရှင်များ၊ စနစ်တကျ လေ့ကျင့်ပေးထားသော ရပ်ရွာမှ စေတနာ့ဝန်ထမ်းများဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဤကဲ့သို့ တိုင်းတာစစ်ဆေးခြင်းအားဖြင့် ကလေးသူငယ်များတွင် မသန်စွမ်းမှုဖြစ်ပွားခြင်းများကို စောစီးစွာသိရှိပြီး လိုအပ်သောကာကွယ်မှုများဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဥပဒေ၊ နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး မူဝါဒ၊ မဟာဗျူဟာများ ချမှတ်ခဲ့ပါကြောင်း၊ ဌာနအခြေပြုလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံးတွင် မူလတန်းကြိုကျောင်းပေါင်း ၁၄၂ ကျောင်း ဖွင့်လှစ်ထားရှိပြီး ဆက်လက်၍ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် မူလတန်းကြိုပညာရေး လွှမ်းခြုံမှုရှိစေရေးအတွက် ရပ်ရွာအခြေပြုအနေဖြင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို နည်းပညာအကူအညီနှင့် ထောက်ပံ့ကြေးပေးခြင်း၊ မိခင်ပိုင်းများ ဖွင့်လှစ်နိုင်ရန် သင်တန်းများပေးခြင်းနှင့် ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းပေါင်း ၁၅၄၃ ကျောင်းအတွက် ငွေကျပ် ၁၆၃၅ ဒသမ ၅၈ သန်းကို လည်းကောင်း၊ မိခင်ပိုင်းပေါင်း ၁၂၀၀ အတွက် ငွေကျပ် ၁၇၂၄ ဒသမ ၁၆ သန်းကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကလေးသူငယ်များအနေဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များသာမက အကာအကွယ်များ၊ စောင့်ရှောက်မှုများ ရရှိရန် လိုအပ်သည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ပြည်နယ်အလိုက် ကော်မတီများသို့ လုပ်ပိုင်ခွင့်များကို ဥပဒေအရ အပ်နှင်းထားပါကြောင်း၊ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အမျိုးသားကော်မတီအနေဖြင့် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရင်ခွင်မဲ့ကလေးငယ်များ စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် စွန့်ပစ်ကလေးငယ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်လျက်ရှိသည့် ကလေးငယ်များအား ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ကလေးပြုစုရေးဌာန ခုနစ်ခုတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လှေ့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ လှူဒါန်းမှုဖြင့် နေပြည်တော်၌ ကလေးဦးရေ ၁၀၀ ဆံ့ ကလေးပြုစုရေးဌာနတစ်ခု ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

**တိုက်တွန်းပြောကြား**

ယနေ့အစည်းအဝေးတွင် မိမိတို့ပြည်ထောင်စုအဆင့်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဥပဒေများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြမည်ဖြစ်သကဲ့သို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌများအနေဖြင့်လည်း သက်ဆိုင်ရာ ဒေသအလိုက် ကလေးသူငယ်အခွင့်အရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကလေးများအားလုံးသိရှိရန်၊ ကလေးတိုင်းလက်လှမ်းမီ တန်းတူညီတူရရှိနိုင်ရန်အတွက် မိမိတို့အမျိုးသားကော်မတီကလည်း အစွမ်းကုန်ဆောင်ရွက်လျက်ရှိသလို တာဝန်ရှိသူများအားလုံးအနေဖြင့်လည်း သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။



ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ လုပ်ငန်းတာဝန်များအပေါ် နိုင်ငံတော်က လိုက်နာဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများက ကလေးသူငယ်အခွင့်အရေးများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အမျိုးသားအဆင့် ပဉ္စမနှင့်ဆဋ္ဌမအကြိမ် ပူးတွဲအစီရင်ခံစာရေးသားဆောင်ရွက်မှု အခြေအနေ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ နည်းဥပဒေ(မူကြမ်း)နှင့် မူဝါဒရေးဆွဲခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ကလေးသူငယ်အရေးကျွမ်းကျင်သည့် ပညာရှင်များကအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ပြည်သူများ ရေရှည်တည်တံ့ခိုင်မြဲပြီး လုံခြုံစွာ ဖွံ့ဖြိုးရေး ဦးတည်ဆောင်ရွက်ရာတွင် ကလေးသူငယ်များအတွက် အကာအကွယ်ပေးမည့် ခိုင်မာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ရာ ကလေးသူငယ်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသောသူများက ပူးပေါင်း၍ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# (၁၅)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

(၅၅)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် COCI အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် စင်ကာပူနိုင်ငံမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ COCI အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် စင်ကာပူနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြရာ မြန်မာနိုင်ငံ–အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(COCI–Myanmar) ၏ တာဝန်ခံဌာနဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်ကြည်ပြာ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ–အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီ (SCI–Myanmar) တာဝန်ခံဌာနဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ္တဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇေယျာ ဦးဆောင်သည့် ကိုယ်စားလှယ်များက နေပြည်တော်၊ တပ်ကုန်းနှင့် ရန်ကုန်တို့ရှိ သက်ဆိုင်ရာ ရုံး/ဌာနများမှ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

ယင်းအစည်းအဝေးတွင် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ ဘတ်ဂျက်လျာထားခြင်း၊ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆွေးနွေးညှိနှိုင်းခြင်း၊ စီမံကိန်းအသစ်များ ဆောင်ရွက်လိုသည့် နိုင်ငံများက အဆိုပြုစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ နောက်တစ်ကြိမ် COCI အစည်းအဝေးအလှည့်ကျ ကျင်းပမည့် နိုင်ငံ ရွေးချယ်အတည်ပြုခြင်း စသည့်အချက်များကို အဓိကထားပြီး တက်ရောက်ကြသူများက ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြသည်။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီကို ၁၉၇၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၇၈ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် အာဆီယံယဉ်ကျေးမှုရန်ပုံငွေကို ထူထောင်ခဲ့သည်။ ကော်မတီသည် ၁၉၈၅ ခုနှစ်မှစတင်၍ အာဆီယံဆိုင်ရာ စာပေနှင့် လေ့လာမှုများအစုအဖွဲ့၊ အနုသုခုမဆိုင်ရာ အစုအဖွဲ့၊ ရေဒီယို၊ တီဗွီနှင့် ရုပ်ရှင်ဗီဒီယိုအစုအဖွဲ့နှင့် ပုံနှိပ်မီဒီယာအစုအဖွဲ့စသည့် လုပ်ငန်းကော်မတီလေးရပ်တို့ဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာမှ ၁၉၉၉ ခုနှစ်တွင် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုပုံစံကို အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီနှင့် အာဆီယံပြန်ကြားရေးဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီနှစ်ခုဖြင့် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။



အာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီများအား အာဆီယံနိုင်ငံများ၏ သက်ဆိုင်ရာယဉ်ကျေးမှု၊ ပြန်ကြားရေးစသည့် ဝန်ကြီးဌာနများ၊ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားကွန်ရက်များ၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့များ၊ ပြတိုက်များ၊ မော်ကွန်းတိုက်များနှင့် စာကြည့်တိုက်များမှ ကိုယ်စားလှယ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး အစည်းအဝေးအား ဆပ်ကော်မတီနှစ်ခု၏ ရန်ပုံငွေဖြင့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ရရှိနိုင်ရန်အတွက် အာဆီယံအသိပညာ ဖြန့်ဝေခြင်းများ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ နည်းပညာပိုင်းဆိုင်ရာများကို အားပေးမြှင့်တင်မှုများ၊ မတူကွဲပြားသော ယဉ်ကျေးမှု အမွေအနှစ်များကိုကာကွယ်ထိန်းသိမ်းမှုများ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယင်းကော်မတီ၏ အစည်းအဝေးများကို နိုင်ငံအက္ခရာစဉ်အလိုက် နှစ်စဉ် နို့ဝင်ဘာလတွင် အလှည့်ကျကျင်းပလေ့ရှိပြီး ယခုနှစ်တွင် COVID–19 ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေကြောင့် အလှည့်ကျ အိမ်ရှင်ဖြစ်သည့် စင်ကာပူနိုင်ငံက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးများကို ၂၀၀၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပခဲ့ပြီး (၅၆) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေးကို ၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့်အချက်များ

**(အနည်းဆုံး တစ်နေ့(၃)ကြိမ် ပြောကြားပေးပါရန်)**

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအခြင်းအရာပြနေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်နေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ကာလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မထိုင်ရပါ၊

(မှတ်ချက်။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ၊)

**(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-**

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) စနစ်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ၊ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း စည်းသည့်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် ဧည့်ကြို/ဧည့်သည်ဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား ကာရံထားသော ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ဆစ်ကွေးဖြင့် ပိတ်၍ဆောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မူကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊
- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာ နှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြားပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ၊
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# တစ်နွယ်ငင်...သော်...

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

တစ်ကျော့ပြန် ကိုဗစ်လှိုင်းဟာ ကျွန်မတို့နိုင်ငံမှာ ဩဂုတ်လလယ်ကစပြီး ပြန်လည်ဦးမော့လာခဲ့တယ်။ ဇွန်၊ ဇူလိုင်လတွေမှာ ရောဂါဖြစ်ပွားနှုန်းကျဆင်းသွားခဲ့လို့ ကမ္ဘာကတောင် ချီးကျူးနေရတဲ့ အနေအထားဖြစ်ခဲ့တယ်။ ပြီးခဲ့တဲ့လကစပြီး ရခိုင်ပြည်နယ်ကနေ ကူးစက်မှုတွေ ပြန့်ပွားလာတာကြောင့် အစိုးရနဲ့အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနရယ်၊ အလှူရှင်တွေရယ်၊ ပြည်သူတွေရယ် ပူးပေါင်းပြီး အကြိတ်အနယ် ရင်ဆိုင်ကြရပြန်တယ်။ တဖြည်းဖြည်းနဲ့ အခြားမြို့ရွာတွေကိုပါ ပျံ့နှံ့လာခဲ့တယ်။ တစ်နေ့တစ်နေ့ ပိုးတွေ့လူနာ “ရာချီအထိ” တွေ့နေရတာကို ရင်တမမနဲ့ ‘ဘုရားတ’ရင်း စောင့်ကြည့်နေကြရတယ်။ သံသယလူနာတွေ အားလုံးနီးပါး များများစစ်ဆေးနိုင်ကြလို့ ရောဂါပိုးရှိသူများများ ရှာဖွေနိုင်တာလည်း ပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေမှာ လူတချို့ဟာ ညွှန်ကြားချက်တွေ၊ စည်းကမ်းတွေကို တိတိကျကျ မလိုက်နာကြတာကိုလည်း တွေ့နေရပြန်တယ်။

## အသံတိတ်... ရောဂါပိုးသယ်ဆောင်သူ

ကိုဗစ်-၁၉ ရောဂါပိုးက သေးငယ်တယ်။ သာမန်မျက်စိနဲ့မမြင်နိုင်ဘူး။ လေထုထဲမှာ ပျံ့နှံ့နေကြတယ်။ လူတွေကလည်းလမ်းပေါ်မှာ၊ ဘတ်စ်ကားပေါ်မှာ၊ ယာဉ်တွေပေါ်မှာ၊ ဈေးထဲမှာ သွားလာနေကြတယ်။ တစ်ဦးနဲ့တစ်ဦး ထိတွေ့မှုတွေရှိနေကြတယ်။ နှာခေါင်းစည်းကို စနစ်တကျတပ်သူတွေရှိသလို မတပ်သူတွေလည်း ရှိတယ်။ အဲဒီလူတွေထဲမှာ ရောဂါ လက္ခဏာမပြဘဲ ရောဂါပိုးသယ်ဆောင်ထားသူတွေ ဘယ်နှယောက်ရှိနေမလဲ မမြင်နိုင်ဘူး။ အသံတိတ်ရောဂါဖြန့်နေသူ၊ တိတ်တဆိတ် ရောဂါပိုးသယ်ဆောင်ထားသူတွေဟုတ်၊ မဟုတ် ဘယ်သူမှ မသိနိုင်ဘူး။

ရောဂါပိုးသယ်ဆောင်သူ၊ တိတ်တဆိတ်ရောဂါပိုး ပျံ့နှံ့စေသူတွေကိုကြည့်ရင် အုပ်စုသုံးခု ခွဲနိုင်ပါတယ်။ ပထမအုပ်စုက ရောဂါလက္ခဏာမပြတဲ့အုပ်စု၊ မဖျားဘူး၊ ချောင်းမဆိုးဘူး၊ အသက်ရှူလမ်းကြောင်းနဲ့ အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာ လက္ခဏာ တစ်စုံတစ်ရာမရှိဘူး။ ရောဂါပိုးရှိသူတွေနဲ့ ထိတွေ့မှုရှိခဲ့လို့ စစ်ဆေးမှုပြုလုပ်မှသာ ပိုးရှိကြောင်း သိကြရတယ်။ စစ်ဆေးမှုမလုပ်သရွေ့ ဒီအတိုင်းသွားလာနေထိုင်နေကြတယ်။

ဒါကြောင့် စမ်းသပ်စစ်ဆေးမှုတွေ များများမလုပ်နိုင်သရွေ့ ရောဂါရဲ့ ‘သက်ရောက်မှုအရှိကို မသိနိုင်ဘူး။ ဘယ်လောက်အထိ ပြန့်ပွားနှုန်းများနေမလဲဆိုတာ မသိနိုင်ဘူး’လို့ “Kent State” ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ကူးစက်ရောဂါဆိုင်ရာ ပညာရှင် တာရာ စီ စမစ်သ် (Tara.C.Smith) က ပြောပါတယ်။ များသောအားဖြင့်

**ကိုဗစ်-၁၉ ရောဂါပိုးက သေးငယ်တယ်။ သာမန်မျက်စိနဲ့မမြင်နိုင်ဘူး။ လေထုထဲမှာ ပျံ့နှံ့နေကြတယ်။ လူတွေကလည်း လမ်းပေါ်မှာ၊ ဘတ်စ်ကား ပေါ်မှာ၊ ယာဉ်တွေပေါ်မှာ၊ ဈေးထဲမှာ သွားလာနေကြတယ်။ တစ်ဦးနဲ့တစ်ဦး ထိတွေ့မှုတွေရှိနေကြတယ်။ နှာခေါင်းစည်းကို စနစ်တကျ တပ်သူတွေ ရှိသလို မတပ်သူတွေလည်းရှိတယ်။ အဲဒီလူတွေထဲမှာ ရောဂါ လက္ခဏာမပြဘဲ ရောဂါပိုးသယ်ဆောင်ထားသူတွေ ဘယ်နှယောက်ရှိနေမလဲ မမြင်နိုင်ဘူး။ အသံတိတ်ရောဂါဖြန့်နေသူ၊ တိတ်တဆိတ်ရောဂါပိုး သယ်ဆောင်ထားသူတွေ ဟုတ်၊ မဟုတ် ဘယ်သူမှမသိနိုင်ဘူး။**

လက္ခဏာမပြဘဲ ပိုးတွေ့သူတွေဟာ လူငယ်ပိုင်းတွေ ဖြစ်တယ်လို့လည်း ဆိုပါတယ်။

တရုတ်နိုင်ငံ နန်ကျင်းမြို့ရဲ့ ကုသမှုဆိုင်ရာ လေ့လာချက်တစ်ခုမှာ ပိုးတွေ့လူနာ ၂၄ ဦးဟာ ရောဂါလက္ခဏာလုံးဝမရှိခဲ့ပါဘူး။ သူတို့ထဲက ခုနစ်ယောက်ဟာ သီတင်းပတ် သုံးပတ်ကြာသည်အထိ ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြဘူး။ သူတို့ရဲ့ ပျမ်းမျှအသက်တွေက ၁၄ နှစ်အရွယ်တွေ ဖြစ်တယ်လို့ ရေးသားထားပါတယ်။

ဒုတိယအုပ်စုကတော့ ရောဂါပိုးက ခန္ဓာကိုယ်ထဲ ဝင်ရောက်နေပေမယ့် ရောဂါပိုးတွေ့ပြီး တစ်ပတ်ကနေ နှစ်ပတ်ထိအောင် လက္ခဏာမပြပါဘူး။ အဲဒီလိုရောဂါပိုး ဝင်လာချိန်နဲ့ လက္ခဏာပြတဲ့ အချိန်ကြားကာလကို ရောဂါလက္ခဏာမပြမီ ရှေ့ပြေးအဆင့်အုပ်စုလို့ သတ်မှတ်ပါတယ်။ အဲဒီလို ရောဂါလက္ခဏာစတင်တဲ့ ရှေ့ပြေးအဆင့်အချိန်ဟာ ကူးစက်နိုင်ခြေအများဆုံးဖြစ်လို့ အလွန်အရေးကြီးလှပါတယ်။ ရောဂါလက္ခဏာမပြမီ တစ်ရက်မှ သုံးရက်ဟာ ရောဂါပျံ့နှံ့မှုအများဆုံးဖြစ်လို့ ဒုတိယအုပ်စုက ပထမအုပ်စုထက်ပိုပြီး အရေးကြီးလှပါတယ်။ လက္ခဏာမပြတဲ့ ပိုးတွေ့လူနာရဲ့ ၇၅ ရာခိုင်နှုန်းဟာ ဒုတိယအုပ်စုတွေဖြစ်ကြတယ်လို့ ဆိုပါတယ်။

**ရောဂါတစ်ခုခုဖြစ်ရင် ‘ကိုယ်ဖြစ်ကိုယ်ခံရမယ်’၊ အကုသိုလ်အလုပ်တစ်ခုခု လုပ်မိရင် ‘ကိုယ်လုပ်ရင် ကိုယ်ခံရမယ်နော်’ လို့ ပြောကြတယ်။ ဝေဒနာကို ကိုယ်စားခံပေးလို့ မရဘူး။ ဒါပေမဲ့ ကိုဗစ်ရောဂါကတော့ ကိုယ်ဖြစ်ရင် ကိုယ်တစ်ယောက်သာ ခံရတာမဟုတ်ဘဲ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အလုပ်ခွင်၊ ကိုယ့်အပေါင်းအသင်း အားလုံးဟာ တစ်နွယ်ငင်လို့တစ်စင်ပါ၊ တသီတတန်း၊ မီးခိုးကြွက်လျှောက်၊ ဆက်ကာဆက်ကာ ခံကြရမယ်။ စက်ကွင်းမလွတ်နိုင်ကြဘူး။ ကိုယ်တစ်ယောက်က သတိနဲ့ဆင်ခြင်နေတာနဲ့အမျှ ရောဂါပိုးဟာ ကိုယ်နဲ့ဝေးနေမှာဖြစ်တဲ့အတွက် ကိုယ့်ပတ်ဝန်းကျင်ကိုလည်း တစ်ပါတည်း စောင့်ရှောက်ပြီးသားဖြစ်သွားပါတယ်။**

ဝါရှင်တန် ‘king county’ မှာရှိတဲ့ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာက လူနာ ၈၂ ဦးအနက် သုံးပုံတစ်ပုံဟာ ပိုးတွေ့ခဲ့ပါတယ်။ တစ်ဝက်က အာခေါင်တို့ဖတ်ယူတဲ့ အချိန်အထိ ဖျားနာခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ချောင်းဆိုးခြင်းတွေမရှိပါဘူး။ ကျန်တဲ့ တစ်ဝက်ကတော့ ရောဂါလက္ခဏာပြကြတယ်လို့ ဆိုပါတယ်။ ကျန်းမာရေးတာဝန်ရှိသူတွေက ရောဂါပိုးစတွေ့ပြီဖြစ်ကြောင်း အသိပေးပြီးပြီးချင်း သူတို့ကို သီးခြားခွဲထားခဲ့တယ်။

ဒါပေမဲ့ နှစ်ပတ်အတွင်းမှာ ရောဂါဟာ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါဟာ ပထမအုပ်စုရော၊ ဒုတိယအုပ်စုရော နှစ်ခုစလုံးရဲ့ လူနာတွေကို (SARS–COV 2 – ဗိုင်းရပ်စ်) ရှိကြောင်း အသေအချာ အသိအမှတ်မပြုခဲ့ဘဲ ကြိုတင်သီးခြားခွဲထားခြင်းမလုပ်ခဲ့ကြတဲ့အတွက် ရောဂါပျံ့နှံ့နှုန်းက လျင်မြန်ခဲ့ရကြောင်း ဧပြီလ ၃ ရက်နေ့က ထုတ်ပြန်တဲ့ ‘CDC’ ရဲ့ အစီရင်ခံစာမှာ ရေးသားထားပါတယ်။

တတိယအုပ်စုကတော့ အပျော့စားရောဂါလက္ခဏာ လောက်သာပြတဲ့ အုပ်စုဖြစ်တယ်။ ကိုဗစ်ရောဂါရဲ့လက္ခဏာ တွေ အနည်းငယ်မျှသာခံစားရတယ်။ သူတို့ဟာ လူအများကြားမှာ ပုံမှန်သွားလာနေကြတယ်။ မသိမသာရောဂါဖြန့်နေတဲ့ အုပ်စုဖြစ်တယ်။ ဖြန့်တဲ့သူက ရောဂါလက္ခဏာ မပြင်းထန်ပေမယ့် အဖြန့်ခံရတဲ့သူမှာတော့ ပြင်းထန်တဲ့ ရောဂါလက္ခဏာတွေ ခံစားရပါတယ်။

တရုတ်နိုင်ငံမှာ လူတစ်ဦးဟာ ရောဂါဖြစ်ပွားရာ ဒေသကပြန်လာခဲ့တယ်။ ဆယ်ရက်အကြာမှာ သူ့ရဲ့ ဇနီးသည်ဟာ ဖျားပြီးအန်တယ်။ အဲဒီနောက်မှာ ပြင်းထန်နမိုးနီးယား ဝင်လာခဲ့ပြီး အထူးကြပ်မတ်ခန်းထဲကို ပို့လိုက်ရပါတယ်။ အဲဒီအမျိုးသားကို စစ်ဆေးကြည့်တဲ့အခါ ရောဂါပိုး တွေ့ရှိရသလို သူ့ရဲ့အဆုတ်ထဲမှာ ဗိုင်းရပ်စ်ရဲ့လက္ခဏာတွေ ရှိနေခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားဖြစ်သူဟာ ရောဂါပိုးမပြဘဲ ရောဂါသယ်ဆောင်သူဖြစ်ကြောင်း ကောက်ချက်ချခဲ့ပါတယ်။

ဒါကြောင့် လူတိုင်းဟာ မိမိရဲ့ပတ်ဝန်းကျင်မှာ တိတ်တဆိတ်ရောဂါဖြန့်မယ့်သူ၊ ရောဂါသယ်ဆောင်ထားသူတွေ ရှိနေမလားဆိုတဲ့ သံသယစိတ်နဲ့ သတိရှိကြရပါတယ်။ ယနေ့ဆိုရင် လူဦးရေ ခုနစ်သန်းကျော်ရှိတဲ့ ရန်ကုန်မြို့ကြီးမှာ ကူးစက်မှုနှုန်းတွေများနေခဲ့ပါပြီ။ ဆေးရုံတွေမှာ ဖျားနာလူနာ၊ သံသယလူနာတွေ များလာတဲ့အတွက် ကျန်းမာရေးဝန်ထမ်းတွေမှာ ဝန်နဲ့အား မမျှတတော့ပါဘူး။ မနိုင်ဝန်တွေထမ်းလို့ ခြေကုန်လက်ပန်းကျနေကြပါပြီ။ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းတချို့ပါ ပိုးကူးစက်ခံနေကြရပြီ။ သံသယလူနာအဖြစ်နဲ့ ကိုယ်တိုင်ကွာရန်တင်း ဝင်နေကြရပြီ။ အဲဒီကွာရန်တင်းဝင်သွားကြတဲ့ သူတွေအစား အခြားဝပ်ဒ်တွေက ဆရာဝန်၊ ဆရာမတွေက အင်အားဖြည့်ပြီး ဂျူတီဆင်းပေးနေရပြီ။ တစ်ဆေးရုံလုံး ဒီဝပ်ဒ်က ဟိုဝပ်ဒ်ကိုဝင်၊ နေ့ဆိုင်းညဆိုင်း အလှည့်ကျဂျူတီတွေနဲ့ ပြေးလွှားနေကြရပြီ။ ကွာရန်တင်းဝင်နေရင်း ကိုယ်ကနဂ္ဂတစ်ဆိုရင် ပြန်ထွက်လာ၊ ပုံမှန်ဂျူတီပြန်ဝင်နဲ့ဆိုတော့ စိတ်သာရှိပြီး ရုပ်တွေက သံပတ်လျော့တဲ့ စက်ရုပ်လိုဖြစ်နေကြပြီ။

## ဘာမှမဖြစ်ပါဘူးကွာ... လို့ဆိုသူဆို

ပြည်သူလူထုအတွင်းမှာတော့ ပထမလှိုင်းမှာ ကြောက်သူရှိသလို ပေါ့ပေါ့တွေးသူလည်းရှိတယ်။ ဒါဟာ သာမန်တုပ်ကွေး သာသာပါပဲ။ မသေနိုင်ပါဘူး။ အခုသေတဲ့ လူတွေက မူလကတည်းက ဆီးချို၊ နှလုံး၊ သွေးတိုးအခံတွေ ရှိလို့ပါ၊ မျိုးရိုးဗီဇပြောင်းပိုးအသစ်က သိပ်ပြီး စိတ်ပူစရာ မရှိလို့ ဘာမှမဖြစ်ပါဘူးကွာလို့ ပြောတဲ့သူရှိတယ်။ တချို့ကလည်း အခု ‘ကိုဗစ်’နဲ့ မသေလည်း တစ်နေ့သေကြမှာပဲ။ သေမယ့်သူကသေမှာပဲ။ ဘယ်သူမှမကယ်နိုင်ဘူးလို့ တရားသံဝေဂ ရှိလေသယောင် ပြောသူတွေလည်း ရှိမှာပါပဲ။

တကယ်တော့ အသက်ဆိုတာ ဉာဏ်စောင့်ပါတယ်။ သေနေ့စေ့ရင်သေမယ်ဆိုတာ မှန်ပေမယ့် အဲဒီအသက်ကို ဆွဲဆန့်လို့ရတဲ့ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းတွေ၊ ကုသိုလ်ဆက်မယ့် တရားနည်းလမ်းတွေ ရှိနေပြီးသားပါ။ ငယ်စဉ်ကလေးဘဝကစလို့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်တွေစားမယ်၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတွေမှန်မှန်လုပ်မယ်၊ လမ်းလျှောက်မယ်၊ အိပ်ချိန်၊ စားချိန်၊ စာဖတ်ချိန် မျှမျှတတထားမယ်၊ အချိန်ကို စနစ်တကျ သုံးစွဲမယ်၊ သမာအာဇီဝနဲ့ ငွေရှာမယ်၊ အသုံးနဲ့အဖြုန်း ခွဲခြားမယ်... စိစစ်မယ်၊ မေတ္တာစိတ်မွေးမယ်၊ သည်းခံစိတ်ထားမယ်၊ သက်ရှည်ကျန်းမာရောဂါကင်းဖို့ သီလလုံရမယ်၊ စိတ်ကောင်းထားရမယ်၊ စိတ်ကြည်တော့ ရုပ်ကြည်တယ်၊ စိတ်ရှင်းတော့ ရုပ်လင်းတယ်၊ ကိုယ်တတ်နိုင်သလောက် ဒါနပြုမယ်၊ ဝိပဿနာ ခြံရံပြီး လှူဒါန်းမယ်၊ ဘုရားပြင်၊ တံတားပြင်၊ လမ်းပြင်၊ ရေချမ်းစင်တည်၊ လမ်းပေါ်ကဆူးခက်၊ ကျောက်ခဲတွေရှင်းမယ်။ ဒီလို နိုင်သလောက်ကုသိုလ်တွေနဲ့ အသက်ကို ဆွဲဆန့်လို့ ရတယ်။ ကုသိုလ်စိတ်ဟာ ကျန်းမာအသက်ရှည်ခြင်းကို တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးနိုင်တယ်။

## ကိုယ်ဖြစ်ကိုယ်ခံ.... မဟုတ်ပြန်

ရောဂါတစ်ခုခုဖြစ်ရင် ‘ကိုယ်ဖြစ်ကိုယ်ခံရမယ်’၊ အကုသိုလ်အလုပ်တစ်ခုခုလုပ်မိရင် ‘ကိုယ်လုပ်ရင် ကိုယ်ခံရမယ်နော်’ လို့ပြောကြတယ်။ ဝေဒနာကို ကိုယ်စားခံပေးလို့ မရဘူး။ ဒါပေမဲ့ ကိုဗစ်ရောဂါကတော့ ကိုယ်ဖြစ်ရင် ကိုယ်တစ်ယောက်သာ ခံရတာမဟုတ်ဘဲ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အလုပ်ခွင်၊ ကိုယ့်အပေါင်းအသင်း အားလုံးဟာ တစ်နွယ်ငင်လို့ တစ်စင်ပါ၊ တသီတတန်း၊ မီးခိုးကြွက်လျှောက်၊ ဆက်ကာဆက်ကာ ခံကြရမယ်။ စက်ကွင်းမလွတ်နိုင်ကြဘူး။ ကိုယ်တစ်ယောက်က သတိနဲ့ဆင်ခြင်နေတာနဲ့အမျှ ရောဂါပိုးဟာ ကိုယ်နဲ့ဝေးနေမှာဖြစ်တဲ့အတွက် ကိုယ့်ပတ်ဝန်းကျင်ကိုလည်း တစ်ပါတည်း စောင့်ရှောက်ပြီးသား ဖြစ်သွားပါတယ်။

လေထဲမှာရှိတဲ့ပိုးဖြစ်လို့ လေကိုရှူပြီး အသက်ရှင်ရတဲ့ သတ္တဝါအားလုံးနေထိုင်ရာ ကမ္ဘာကြီးမှာစောင့်ကြည့်၊ သတိနဲ့ ကျီးလန့်စာစားဖြစ်နေကြပြီ။ ဘယ်သူ့ကိုမှ ယုံလို့မရပါဘူး။ ရောဂါပိုးသယ်ဆောင်သူဟာ မိမိလည်း ဖြစ်နေနိုင်ပါတယ်။ အိမ်သားထဲက တစ်ယောက်ယောက် မဖြစ်မနေ အိမ်ပြင်ထွက်ရတဲ့အခါ ပြန်လာတာနဲ့ ‘လက်ကိုသေချာဆေးလား၊ ခြေထောက်တွေ ဖိနပ်တွေ ဆေးရဲ့လား၊ အပြင်က အဝတ်တွေနဲ့ အိမ်ထဲဝင်မလာနဲ့၊ အဝင်ဝက ပုံးထဲမှာ ချွတ်ထည့်၊ ရေပါတစ်ခါတည်းချိုး၊ ခေါင်းပါလျှော်’ဆိုပြီး စည်းကမ်းချက်တွေနဲ့ အိမ်သားတွေရဲ့ ပွစိပွစိအပြောခံကြရပါတယ်။ အဲဒီလိုပြောရင် စိတ်မဆိုးကြပါနဲ့၊ အော် ငါ့အတွက်တင်မက တစ်အိမ်လုံးအတွက် ပြောရတာပဲ၊ အခုလိုကျန်းမာရေးအသိနဲ့ အပြောခံရတာ မင်္ဂလာတစ်ပါးပါပဲ၊ စိတ်ဆိုးစရာ မလိုပါဆိုပြီး လက်ခံကြရပါမယ်။

## အဖြစ်ပဲတပ်တဲ့... နှာခေါင်းစည်း... မက်စ်

နှာခေါင်းစည်းတပ်တာနဲ့ပတ်သက်လို့ အခုအချိန်အထိ အတော်ပြောရဆိုရတုန်းပါပဲ။ လမ်းပေါ်မှာ သွားနေတဲ့သူတွေ၊ ဈေးထဲမှာဈေးဝယ်နေတဲ့သူ၊ ဈေးရောင်းသူတွေ၊ နှာခေါင်းစည်းကို မေးမှာချိတ်၊ နားရွက်မှာချိတ်ထားတဲ့ သူတွေ ရှိနေဆဲပါပဲ။ စကားပြောတော့မယ်ဆိုရင် နှာခေါင်းစည်းကိုအောက်ကို ဆွဲချပြီး ပြောတယ်၊ နှာချေ ချောင်းဆိုးချင်ရင် နှာခေါင်းစည်းကို ဖွင့်ပြီးမှ ဆိုးတယ်၊ တချို့ကျတော့ ပေတူးညစ်ပတ်နေတဲ့ အဝတ်နှာခေါင်းစည်းကို တပ်ထားတယ်၊ သူများအပြောမခံရအောင် အဖြစ်သဘောလောက်ပဲတပ်ကြတဲ့သူတွေ ရှိနေသေးတယ်။ မဖြစ်သေးတော့ မကြောက်ဘူးပေါ့လို့ ပြောလို့မရဘူး။ သူကိုယ်တိုင်က ‘ကယ်ရီယာ’ ဖြစ်နေရင် ဘယ်လိုလုပ်ကြမလဲ။

စာမျက်နှာ ၇ သို့ ❖

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၆၃ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၉၅ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၆၃ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၉၅ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၁၉၅ ဦးအနက် သေဆုံးသူ ၃၂ ဦး ၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၇၉၀ နှင့် စက်တင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၁၀ ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
| --- | --- |
| ၁၉၁၆၉၆ | ၃၁၉၅ |
| **ရောဂါပိုးကင်းစင်သွားသူ** | **သေဆုံးသူ** |
| ၇၉၀ | ၃၂ |

စောင့်ကြည့်လူနာ စုစုပေါင်း = [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၇၉၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန [illegible] နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်／သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
| --- | --- | --- | --- | --- |
| ၁။ | အမေရိကန် | ၆၇၁၁၃၄၅ | ၃၉၇၅၁၅၄ | ၁၉၈၅၆၂ |
| ၂။ | အိန္ဒိယ | ၄၈၅၀၈၈၇ | ၃၇၈၀၁၀၇ | ၇၉၇၈၄ |
| ၃။ | ဘရာဇီး | ၄၃၃၀၄၅၅ | ၃၅၇၃၉၅၈ | ၁၃၁၆၆၃ |
| ၄။ | ရုရှား | ၁၀၆၈၃၂၀ | ၈၇၈၇၀၀ | ၁၈၆၃၅ |
| ၅။ | ပီရူး | ၇၂၉၆၁၉ | ၅၆၆၇၉၆ | ၃၀၇၁၀ |
| ၆။ | ကိုလံဘီယာ | ၇၁၆၃၁၉ | ၅၉၉၃၈၅ | ၂၂၉၂၄ |
| ၇။ | မက္ကဆီကို | ၆၆၈၃၈၁ | ၄၇၁၆၂၃ | ၇၀၈၂၁ |
| ၈။ | တောင်အာဖရိက | ၆၄၉၇၉၃ | ၅၇၇၉၀၆ | ၁၅၄၄၇ |
| ၉။ | စပိန် | ၅၇၆၆၉၇ | စိစစ်ဆဲ | ၂၉၇၄၇ |
| ၁၀။ | အာဂျင်တီးနား | ၅၅၅၅၃၇ | ၄၁၉၅၁၃ | ၁၁၃၅၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
| --- | --- | --- | --- | --- |
| ၁။ | ဖိလစ်ပိုင် | ၂၆၅၈၈၈ | ၂၀၇၅၀၄ | ၄၆၃၀ |
| ၂။ | အင်ဒိုနီးရှား | ၂၂၁၅၂၃ | ၁၅၈၄၀၅ | ၈၈၄၁ |
| ၃။ | စင်ကာပူ | ၅၇၄၅၄ | ၅၆၇၆၄ | ၂၇ |
| ၄။ | မလေးရှား | ၉၉၄၆ | ၉၂၀၃ | ၁၂၈ |
| ၅။ | ထိုင်း | ၃၄၇၅ | ၃၃၁၂ | ၅၈ |
| ၆။ | မြန်မာ | ၃၁၉၅ | ၇၉၀ | ၃၂ |
| ၇။ | ဗီယက်နမ် | ၁၀၆၃ | ၉၁၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

# ကမ္ဘောဇဘဏ်က ပဲခူးတိုင်းဒေသကြီးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပဲခူး စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်(၅၀၀)ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းခုနစ်မျိုးနှင့် ပြည်သူ့ဆေးရုံ အထွေထွေအသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ယနေ့ နံနက်ပိုင်းတွင် ကမ္ဘောဇဘဏ်က တိုင်းဒေသကြီးအစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်လက်ခံသည်။

ရှေးဦးစွာ ကမ္ဘောဇဘဏ်(ပဲခူး) ဘဏ်ခွဲ(၁)တာဝန်ခံ ဒေါ်သွဲ့သွဲ့အေးနှင့် အခြားဘဏ်ခွဲတာဝန်ခံများက မြင်းခြံမြို့ရှိ ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်း ခုနစ်မျိုးကိုပေးအပ်လှူဒါန်းရာ တိုင်းကျန်းမာရေးမှူး ဒေါက်တာရန်နိုင်မောင်ကလည်းကောင်း၊ ပဲခူးမြို့ ပြည်သူ့ဆေးရုံ ခုတင် (၅၀၀) အထွေထွေအသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကလည်းကောင်း အသီးသီးလက်ခံရယူပြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်က ယနေ့လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းခုနစ်မျိုးမှာ ဆေးရုံသုံးနှာခေါင်းစည်း အခုရေတစ်သိန်း၊ ခေါင်းစွပ်၂၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်အိတ် ၅၀၀၀၊ လက်ဆေးရည် ဘူးကြီး ၅၀၀၊ မျက်မှန် ၁၀၀ နှင့်တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၀ တို့ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ မြို့များသို့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို နေရာအရောက် စနစ်တကျပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဇဘဏ်က ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာကော်မတီသို့ စက်တင်ဘာ ၇ ရက်တွင် လှူဒါန်းထားရှိသည့် ငွေကျပ်သိန်း၂၀၉၀ တန်ဖိုးရှိ ဆေးရုံသုံး နှာခေါင်းစည်း အခုရေ ၁၀ သိန်း၊ ခေါင်းစွပ်ခုရေ တစ်သိန်း၊ လက်အိတ်ခုရေ တစ်သိန်း၊ မျက်နှာအကာ ခုရေ ၅၀၀၀၀၊ လက်ဆေးရည်ဘူးကြီး ၅၀၀၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀၀၀ တို့ကို ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း ကော်မတီမှ သိရသည်။




ကမ္ဘောဇဘဏ်သည် ကိုဗစ် -၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၃၉၃၂ သိန်း လှူဒါန်းထားသည်။

**ကိုကျော်**

❖ **စာမျက်နှာ ၆ မှ**

အဲဒီတော့နှာခေါင်းစည်းကို စနစ်တကျဝတ်ဆင်ဖို့၊ စနစ်တကျစွန့်ပစ်ဖို့ လမ်းဆုံလမ်းခွ လမ်းလေးခွမှာ ရပ်ပြီးပညာပေးရမလား။ နှာခေါင်းစည်း စနစ်တကျဝတ်ဆင်၊ စွန့်ပစ်သရုပ်ပြမှ လိုက်နာကြမှာလား။ ဒါမှမဟုတ် လမ်းပေါ်မှာ အသံချဲ့စက်အော်လန်နဲ့ မရပ်မနား ဆူဆူညံညံအော်နေတဲ့ ဈေးသည်တွေလို အသံသွင်းထားပြီး အချိန်နဲ့ဖွင့်ပြရမလား။ နှာခေါင်းစည်းတပ် ပညာပေး ဘယ်လိုပြောပြော၊ ဘယ်လိုရေးရေး မလိုက်နာကြတာကတော့ ရင်လေးစရာဖြစ်နေရပြီ။

ဒါကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောပါတယ်။ ‘စည်း’ ရှိဖို့ လိုတယ်တဲ့။ စည်းဆိုတဲ့နေရာမှာ (၁) ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့၊ (၂) အပြင်ကလူတွေကို ကာကွယ်ဖို့တဲ့။ ဒီလိုပဲ နှာခေါင်းစည်းတပ်တယ်ဆိုတာ (၁)မိမိကိုယ်ကို ကာကွယ်ဖို့၊ (၂) မိမိကနေ အခြားသူတွေကို ကူးစက်မှာကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။

**တစ်နွယ်ငင်....တစ်စင်ပါ**

လူတစ်ယောက်ကျန်းမာရေးချို့တဲ့ပြီဆိုရင် သူ့ရဲ့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး၊ မိသားစု၊ အလုပ်ခွင်အားလုံးထိခိုက်ရတယ်။ နောက်ဆုံး နိုင်ငံတော်ရဲ့ လုပ်အားတွေလျော့စွမ်းအားအရင်းအမြစ်တွေပါ ဆုံးရှုံးရတယ်။ အဲဒီ ‘ကျန်းမာရေး’ဆိုတဲ့ နွယ်တစ်နွယ်က သူနဲ့တကွ ဆက်စပ်ပတ်သက်သမျှ ‘ဘဝတစ်ခိုင်လုံး’ကို ဆွဲချယူငင်ပစ်နိုင်တယ်။ နောက်ဆုံး နောက်ဘဝထိအောင် မကောင်းတဲ့လားရာအထိ ဆွဲချပစ်နိုင်တယ်။ ဥပမာ ရောဂါတစ်ခုခုကြောင့် ဝေဒနာပြင်းစွာ ခံစားရတယ်။

ပြင်းထန်တဲ့ဝေဒနာကြောင့် ဒေါသစိတ်နဲ့ သေလွန်တော့ လားရာက ငရဲပြည်ဖြစ်မယ်။ သတိလစ်၊ မေ့မြော၊ မိန်းမော၊ အသိစိတ်ပျောက်ပြီး သေလွန်ရင် မောဟစိတ်နဲ့ သေလို့ တိရစ္ဆာန်ဘုံက လားရာပဲ။ ကိုယ့်ရဲ့ပိုင်ဆိုင်မှုတွေကို စွဲလမ်း၊ သားသမီး မြေးမြစ် သံယောဇဉ်တွေကို မခွဲချင်၊ စိတ်မချ လောဘစိတ်နဲ့ သေလွန်တော့ ပြိတ္တာဘဝ၊ ကျန်းမာရေး ချို့တဲ့သူဟာ ကျန်းမာစဉ်ကတည်းက တရားနှလုံးမသွင်းထားခဲ့ရင် သေခါနီး ဝေဒနာပြင်းပြချိန်မှာ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်မဆိုင်နိုင်ဘူး။ ဒါကြောင့် ကျန်းမာခြင်းဆိုတဲ့ နွယ်တစ်နွယ်က နောက်ဘဝလားရာတွေအထိ ကြိုးဆွဲနိုင်တယ်။

လက်ရှိအနေအထားမှာ အသက်ရှင်ဖို့ ကျန်းမာကြရမယ်။ တစ်နွယ်ငင်တစ်စင်ပါ... ဆိုတဲ့ စကားက ကောင်းတဲ့ဘက်ရော၊ ဆိုးတဲ့ဘက်ရော ဆက်စပ်တွေးတောစရာတွေများလှတယ်။ လူတစ်ယောက်ရဲ့ လောကီဘဝမှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဆက်ဆံရေးတွေနဲ့ ကင်းကွာပြီး နေထိုင်လို့မရပါဘူး။ ကျွန်မတို့ အားလုံးကိုယ့်အသက်မွေးဝမ်းကျောင်း၊ ကိုယ်ဝါသနာပါရာ လုပ်နေကြတာ နိုင်ငံရေးပါပဲ။ အိမ်ထောင်ဦးစီးက သူ့အိမ်၊ သူ့မိသားစုအတွက်တော့ ပွဲကိုင်ရှင် နိုင်ငံရေးသမားပဲ။ အိမ်ရှင်မကလည်း မီးဖိုချောင်ထဲမှာ နိုင်ငံရေး လုပ်နေပါတယ်။

ဒီတော့ကာ လူတိုင်းလူတိုင်း အပူအပင်ကင်းစွာ ငြိမ်းချမ်းသာယာစွာ နေထိုင်၊ အသက်ရှင်ရပ်တည်နိုင်ဖို့၊ ခံယူချက်မှန်ဖို့၊ ရွေးချယ်မှုမှန်ဖို့ လိုပါတယ်။ ပြည်သူလူထုရဲ့ ကျန်းမာရေးဆိုတဲ့ နွယ်တစ်နွယ်ငင်မိရင် နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစတဲ့ ယန္တရားကြီးတစ်ခုလုံး အုံလိုက်ကျင်းလိုက်ပါလာမှာ ဖြစ်ပါတယ်။

‘အသီးတစ်ရာ...အညှာတစ်ခု’ဆိုတဲ့ စကားအတိုင်း နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ အညှာကခိုင်မှ ဖြစ်ပါမယ်။ အဲဒီအညှာကို မှီပြီး ရှင်သန်ကြီးထွားရမယ့် အသီးတွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက တိုင်းရင်းသားတွေကို ကိုယ်စားပြုနေတာပါ။ ဒီအချိန်ကာလမှာ ကပ်ရောဂါကို မိမိတစ်ဦးချင်းကနေ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် သတိရှိရှိနဲ့ ကာကွယ်ကြရပါမယ်။ ဒါကလည်း နိုင်ငံရေးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်နေခြင်းပါပဲ။

နောက်ထပ် နှစ်ပတ်တွေ ထပ်ကာထပ်ကာ တိုးမလာဖို့အတွက် အခုအချိန်ကစပြီး ညွှန်ကြားချက်တွေကို တိတိကျကျ၊ တင်းတင်းရင်းရင်း၊ တစ်သဝေမတိမ်း လိုက်နာကြမယ်ဆိုရင် နောက်မကျသေးပါဘူး။ ဒါမှလည်း မြန်မာနိုင်ငံအတွင်းမှာ ရှိနေကြတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် စင်ကြီး ၁၄ ခုနဲ့အတူ အဲဒီစင်ကြီးတွေမှာ တွယ်ရစ်ယှက်နွယ်နေကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားနွယ်ရုံကြီးတွေအားလုံး အပူအပင်ကင်းစွာနဲ့ ရှင်သန်ကြရတာ ဖြစ်ပါတယ်။ မိမိနိုင်ငံမှသည် ကမ္ဘာကြီးတစ်ခုလုံး သာယာအေးချမ်းစည်ပင်၊ ကပ်ရောဂါကင်းစင်ကွယ်ပျောက်၊ စိတ်ရောက်တိုင်းကိုယ်ပါ၊ လိုရာပြည့်စုံကြပါစေ။ ။

## အသက်အပိုင်းအခြားမရှိ

**အခုဆုံးပါးသွားတဲ့သူတွေထဲမှာဆိုရင် ဆီးချို နဲ့ သွေးတိုးအခံရှိတဲ့ ပြည်သူများ တော်တော်များပါတယ်။ ဆီးချိုနဲ့ သွေးတိုးအခံရှိပြီဆိုရင် ကိုဗစ်ရဲ့အန္တရာယ်ကို မတွန်းလှန်နိုင်သလောက်ကို ဖြစ်သွားပါတယ်။ ဒါကြောင့်သတိထားကြပါ။ ကျန်းမာရေးအခြေခံမကောင်းတဲ့သူတွေ အထူးသတိထားကြပါ။ ကျန်တဲ့သူတွေလည်း သတိထားဖို့လိုပါတယ်။ နောက်ပြီးတော့လည်း အခုနောက်ပိုင်းဖြစ်တဲ့သူတွေထဲမှာဆိုရင် ဆယ်ကျော်သက်အရွယ်တွေပါလာတာလည်း ကျွန်မသတိထားမိပါတယ်။ ၁၆ နှစ်၊ ၁၅ နှစ်၊ ၁၈ နှစ်ပေါ့။ အရွယ်ကောင်းလေးတွေပေါ့။ အဲဒါကြောင့် အခုကိုဗစ်က အသက်အပိုင်းအခြားလည်း မရှိဘူး။ ရောဂါအခံ ရှိတာ၊ မရှိတာကိုလည်း ခွဲခြားပြီးတော့ မြင်လို့မရတော့ဘူးဆိုတာ ကျွန်မတို့ နှလုံးသွင်းဖို့တော့ အင်မတန်မှ အရေးကြီးပါတယ်။**

( Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID–19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၄-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၃:၀၀)နာရီ**

၁။ (၁၃-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၃၆၃၅) ခုအနက် အတည်ပြုလူနာ(၂၁၉)ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ(ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေမြို့နယ် | ၁ |
| | | ချမ်းအေးသာစံမြို့နယ် | ၁ |
| | | အမရပူရမြို့နယ် | ၂ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| | | ပြင်ဦးလွင်မြို့နယ် | ၁ |
| ၂ | နေပြည်တော် | ဥတ္တရသီရိမြို့နယ် | ၁ |
| | | ဇမ္ဗူသီရိမြို့နယ် | ၈ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | မြောင်မြို့နယ် | ၁ |
| | | အင်းတော်မြို့နယ် | ၁ |
| | | တန့်ဆည်မြို့နယ် | ၁ |
| ၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | နမ့်စန်မြို့နယ် | ၁ |
| ၅ | ရခိုင်ပြည်နယ် | မြောက်ဦးမြို့နယ် | ၂ |
| | | စစ်တွေမြို့နယ် | ၃ |
| ၆ | ကရင်ပြည်နယ် | မြဝတီမြို့နယ် | ၁ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၄ |
| | | ဘိုကလေးမြို့နယ် | ၁ |
| | | ဖျာပုံမြို့နယ် | ၁ |
| | | မအူပင်မြို့နယ် | ၁ |
| ၈ | ပဲခူးတိုင်းဒေသကြီး | မိုးညိုမြို့နယ် | ၄ |
| | | ပဲခူးမြို့နယ် | ၂ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၁၀ |
| | | သဃ်န်းကျွန်းမြို့နယ် | ၁၇ |
| | | မင်္ဂလာဒုံမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | ၄ |
| | | လှိုင်မြို့နယ် | ၁၃ |
| | | အလုံမြို့နယ် | ၂ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁၄ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၃ |
| | | သာကေတမြို့နယ် | ၁၇ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၅ |
| | | စမ်းချောင်းမြို့နယ် | ၄ |
| | | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၄ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၅ |
| | | ဗိုလ်တထောင်မြို့နယ် | ၅ |
| | | လှိုင်သာယာမြို့နယ် | ၅ |
| | | လသာမြို့နယ် | ၂ |
| | | ဒဂုံမြို့နယ် | ၁ |
| | | ဒေါပုံမြို့နယ် | ၃ |
| | | ပုဇွန်တောင်မြို့နယ် | ၁၀ |
| | | ဒလမြို့နယ် | ၃ |
| | | ပန်းဘဲတန်းမြို့နယ် | ၁ |
| | | ရန်ကင်းမြို့နယ် | ၂ |
| | | အင်းစိန်မြို့နယ် | ၈ |
| | | ရွှေပြည်သာမြို့နယ် | ၂ |
| | | မရမ်းကုန်းမြို့နယ် | ၅ |
| | | သန်လျင်မြို့နယ် | ၇ |
| | | လမ်းမတော်မြို့နယ် | ၃ |
| | | ဗဟန်းမြို့နယ် | ၆ |
| | | ကျောက်တံတားမြို့နယ် | ၈ |
| | | ကျောက်တန်းမြို့နယ် | ၅ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁ |
| စုစုပေါင်း | | | ၂၁၉ |

၂။ မြောက်ဥက္ကလာပဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အသက် (၇၀)နှစ်အရွယ် သွေးတိုးရောဂါအခံရှိသူ အမျိုးသား(Case–2504) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်းရောဂါဖြင့် (၁၃-၉-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၃။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အသက် (၇၂) နှစ်အရွယ် ဆီးချိုရောဂါ၊ သွေးတိုးနှင့် နှလုံးသွေးကြောကျဉ်းရောဂါအခံရှိသူ အမျိုးသား (Case–1987) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းရောဂါဖြင့် (၁၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၆:၃၆) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူစုစုပေါင်း (၂၆)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပြင်ဦးလွင်မြို့ သန္တိသုခလူမှုကူညီရေးအသင်းသို့ နှာခေါင်းစည်းနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ လှူဒါန်း

ပြင်ဦးလွင် စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သန္တိသုခလူမှုကူညီရေးအသင်းသို့ ပြင်ဦးလွင်မြို့ ဂေါက်သီးရိုက်အသင်းမှဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် ကော်မတီဝင်များက ယနေ့ မွန်းလွဲ ၂ နာရီတွင် သန္တိသုခအသင်းသို့ နှာခေါင်းစည်းနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ သွားရောက်လှူဒါန်းခဲ့ရာ အသင်းဒုဥက္ကဋ္ဌ ဦးလေးမြင့်အောင်နှင့် ကော်မတီဝင်များက လက်ခံရယူခဲ့သည်။

အလားတူ ပြင်ဦးလွင်(အခမဲ့)လူမှုကူညီရေးအသင်းသို့ နှာခေါင်းစည်း ၂၅၀၀ နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ငါးစုံလှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ကျည်ပွေ့)**



## ဧရာဝတီတိုင်းဒေသကြီးထွက် ဆန်များကို တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ သမဝါယမအသင်းများသို့ ဖြန့်ဖြူးရောင်းချ

မအူပင် စက်တင်ဘာ ၁၄

ကိုဗစ် – ၁၉ ထိန်းချုပ်ရေးကာလအတွင်း သမဝါယမ၏ No Profit No Loss အစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သမဝါယမ ဦးစီးဌာနနှင့်ချိတ်ဆက်၍ တောင်ပျံပေါ်ဆန်းမွှေး(ရှယ်)အိတ် ၄၅၀ ကို ဝယ်ယူကာ ထားဝယ်မြို့၌ ဒေသပေါက်ဈေး ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၁၀၀ ရှိသော်လည်း ငွေကျပ် ၁၈၀၀ နှုန်းဖြင့် ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် မြန်မာပြည်အောက်ဖျားစွန်း ကော့သောင်းမြို့နယ်အထိ သမဝါယမအသင်းအဆင့်ဆင့်သို့ ဈေးနှုန်းမှန် ပစ္စည်းမှန်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ
စက်တင်ဘာ ၁၅၊ ၂၀၂၀

# မိုးရာသီနှင့်ဆက်စပ်နေသော လျှပ်စစ်အန္တရာယ်များ

မောင်မောင်(လျှပ်စစ်)

မိုးရာသီရောက်တိုင်း မြန်မာနိုင်ငံတစ်ဝန်းရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ် "ရေဘေးဒုက္ခ" ကို ခံကြရသည်မှာ နှစ်စဉ်လိုလိုဖြစ်ပါသည်။ မြစ်များ၊ ချောင်းများနှင့် နီးသောနေရာဒေသများ၌ မြစ်ရေ၊ ချောင်းရေတိုး၍ ရေကြီးရေလျှံဖြစ်ရသလို မြစ်များ၊ ချောင်းများမရှိ၊ မြစ်များ၊ ချောင်းများနှင့်ဝေးသော်လည်း မိုးသည်းထန်စွာရွာ၍ ရေကြီးရေလျှံဖြစ်ရသည့် နေရာဒေသများလည်း ရှိပေသည်။

နွေရာသီတွင် မီးဘေးအန္တရာယ်စိုးရိမ်ကြရပြီး မီးဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်ကြရသလို မိုးရာသီရောက်လျှင်လည်း ရေဘေး၊ လေဘေးတို့ကို စိုးရိမ်ပူပန်ကြရပြန်ပါသည်။

စင်စစ်သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း ကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ကြခြင်းဖြင့် ထိခိုက်ပျက်စီးမှုနည်းပါးပြီး လူတို့၏အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရာရောက်ပါသည်။ သတိဟူသည် ပိုသည်မရှိ၊ လိုသည်သာရှိပေသည်။

### ကြိုတင်အသိပေးကြေညာခြင်းများ

သို့ဖြစ်၍လည်း နိုင်ငံတော်မှတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများက သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပြန်လည်နေရာချထားရေးကိစ္စတို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်း၊ မိုးလေဝသသတင်းများကို အရေးကြီးလျှင်ကြီးသလို အခါမလပ် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှ ကြိုတင်အသိပေးကြေညာခြင်းများကို သတိကြီးစွာထား၍ ဆောင်ရွက်လျက်ရှိပါသည်။

စာရေးသူအနေဖြင့် အခါအားလျော်စွာ လျှပ်စစ်နှင့်ပတ်သက်သည့် ဗဟုသုတများ လျှပ်စစ်အန္တရာယ်များကို လက်လှမ်းမီသရွေ့ ရေးသားအသိပေးလေ့ရှိရာ ရေကြီးရေလျှံဖြစ်ပေါ်နေသောကာလဝယ် ဖြစ်ပေါ်နိုင်ဖွယ်ရာရှိသော လျှပ်စစ်အန္တရာယ်များကို ရေဘေးသင့် ဒေသရှိပြည်သူများ သိရှိရှောင်ရှားကာကွယ်နိုင်ရန် ရေးသားတင်ပြလိုပါသည်။

ရေကြီးရေလျှံချိန်တွင် ရေဝင်နစ်မြုပ်နေသည့် နေအိမ်အဆောက်အအုံများ၌ ဆက်သွယ်တပ်ဆင်အသုံးပြုနေသည့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၊ ရေနစ်မြုပ်နေသည့် ထရန်စဖော်မာများ၊ ရေနစ်မြုပ်နေသည့် ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းများသည် လျှပ်စစ်ဓာတ်အားရှိနေပါက ဓာတ်လိုက်မှုအန္တရာယ်ဖြစ်ပေါ်နိုင်ပေသည်။ သို့ဖြစ်၍လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေလွှမ်းမိုးမှုဒဏ်ခံနေရသည့် နေရာဒေသများကို လျှပ်စစ်ဓာတ်အားခေတ္တဖြတ်တောက် (ဓာတ်အားပိတ်) ပေးရပါသည်။ ဤအချက်ကိုလည်း နားလည်သဘောပေါက်စေချင်ပါသည်။

### ဆက်သွယ်အကြောင်းကြားရန်လို

ထိုသို့အချိန်နှင့်တစ်ပြေးညီ လျှပ်စစ်ဓာတ်အားပိတ်ပေးနိုင်ရန်အတွက် ရပ်ကွက်အတွင်းရှိ တာဝန်ရှိပြည်သူများက မိမိတို့ရပ်ကွက်၌ ရေကြီးရေလျှံ၍ လမ်းများ၊ အိမ်များ၊ ဖော်ပြပါ လျှပ်စစ်ပစ္စည်းများ ရေနစ်မြုပ်ပါက သက်ဆိုင်ရာမြို့နယ်၊ လျှပ်စစ်မန်နေဂျာရုံးများသို့ ဆက်သွယ်အကြောင်းကြားရန် လိုအပ်ပါသည်။

### ဓာတ်လိုက်မှုအန္တရာယ်များ ဖြစ်ပေါ်နိုင်

ထို့အတူ မိုးဒဏ်၊ လေဒဏ်၊ ရေတိုးသည့်ဒဏ်များကြောင့် ဓာတ်တိုင်များ ယိုင်လဲခြင်း၊ ဓာတ်အားလိုင်းကြိုးများပြတ်ကျခြင်း၊ ဓာတ်ကြိုးများလျော့ကျ အိကျခြင်း၊ ပြတ်ကျသော ဓာတ်ကြိုးများ သစ်ကိုင်းသစ်ပင်ပေါ်တင်နေခြင်း၊ ရေထဲသို့ကျနေခြင်းစသည့် အကြောင်းများကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်လိုက်မှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။

> **ရေပတ်လည်ဝိုင်းရံနေသော၊ ရေဝင်နစ်မြုပ်နေသော ဘုရား၊ တန်ဆောင်း၊ ကျောင်းစသည့် သာသနိကအဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ်များရှိ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို ရေစိုနေလျှင် သို့မဟုတ် ရေနစ်မြုပ်နေလျှင်၊ ရေဝင်နေလျှင် ကျန်နေသော အခြားလျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လုံးဝမသုံးပါနှင့်၊ လျှပ်စစ်မီးခလုတ်များကို မဖွင့်ပါနှင့်။ မီးခလုတ်ကို ပိတ်ထားပါ။ ဓာတ်အား မပိတ်ထားမီအချိန်တွင် လျှပ်စစ်ဓာတ်ကြိုးများ၊ အသုံးပြုနေသော လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်ဓာတ်အားရှိနေသည်ဟု မှတ်ယူထားရပါမည်။**

ရေပတ်လည်ဝိုင်းရံနေသော၊ ရေဝင်နစ်မြုပ်နေသော ဘုရား၊ တန်ဆောင်း၊ ကျောင်းစသည့် သာသနိကအဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ်များရှိ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို ရေစိုနေလျှင် သို့မဟုတ် ရေနစ်မြုပ်နေလျှင်၊ ရေဝင်နေလျှင် ကျန်နေသော အခြားလျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လုံးဝမသုံးပါနှင့်၊ လျှပ်စစ်မီးခလုတ်များကို မဖွင့်ပါနှင့်။ မီးခလုတ်ကို ပိတ်ထားပါ။ ဓာတ်အားမပိတ်ထားမီ အချိန်တွင် လျှပ်စစ်ဓာတ်ကြိုးများ၊ အသုံးပြုနေသော လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်ဓာတ်အားရှိနေသည်ဟု မှတ်ယူထားရပါမည်။

ရေကြီးရေလျှံနေ၍ မိမိတို့နေအိမ်ကို စွန့်ခွာပြီး ရေကင်းလွတ်ရာနေရာသို့ ခေတ္တပြောင်းရွှေ့လျှင်လည်း မိမိတို့နေအိမ်ရှိ လျှပ်စစ်မီးခလုတ်များနှင့် မိန်းခလုတ်များကို ပိတ်သွားရန် လိုအပ်ပါသည်။ ရေပြန်ကျ၍ မိမိတို့နေအိမ်သို့ ပြန်လာစဉ် အိမ်ထဲတွင်ရေမရှိတော့သော်လည်း လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများဖြစ်သည့် ပလပ်ပေါက်များ၊ မီးခလုတ်များ၊ မော်တာများ၊ မီးအားမြှင့်စက်များ၊ အင်ဗာတာများ ရေဝင်နေလျှင်၊ ရေစိုနေလျှင်၊ ရေငွေ့များရိုက်ထားလျှင်၊ ရွှံ့နွံများအမှိုက်များပေနေလျှင် ကိုယ်တိုင်ကိုင်တွယ်ပြုပြင်ခြင်း၊ မီးခလုတ်နှင့် လျှပ်စစ်ခလုတ်များ ဖွင့်ခြင်းမပြုသေးဘဲ လျှပ်စစ်ကျွမ်းကျင်သူကို ခေါ်ယူပြသ၍ လိုအပ်သလို ဆောင်ရွက်ပြီး လျှပ်စစ်အန္တရာယ် ရှိ၊ မရှိ စစ်ဆေးကာ အန္တရာယ်ကင်းရှင်းမှသာ လျှပ်စစ်ခလုတ်များကို ဖွင့်ကြရန် သတိပေးလိုပါသည်။ လျှပ်စစ်ဓာတ်အား သုံးလိုဇောဖြင့် ကိုယ်တိုင်မပြုလုပ်မိရန် သတိထားကြပါ။

### ဓာတ်လိုက်မှုအန္တရာယ်ရှိနိုင်

ရေကြီးရေလျှံဖြစ်နေ၍ ရေနစ်မြုပ်နေသော ဓာတ်တိုင်များ၊ ဓာတ်တိုင်ထိန်းကြိုးများကို ကိုင်တွယ်ခြင်း၊ အားပြုခြင်းတို့မှ ရှောင်ကြဉ်ရပါမည်။ ဓာတ်အားမပိတ်ထားပါက ဓာတ်လိုက်မှုအန္တရာယ်ရှိနိုင်ပါသည်။

အလားတူ မိမိတို့အိမ်ရှိ အိမ်သွယ်ဆားဗစ်ကြိုးပေါ်သို့ဖြစ်စေ၊ မိမိတို့ပတ်ဝန်းကျင်ရှိ ကောင်းကင်ဓာတ်အားလိုင်းပေါ်သို့ဖြစ်စေ၊ သစ်ပင်၊ သစ်ကိုင်းများ၊ သစ်ခက်တို့လဲကျခြင်း၊ တင်နေခြင်းတို့ကို တွေ့ရှိလျှင် အိမ်သွယ်ဆားဗစ်ကြိုး၊ ကောင်းကင်ဓာတ်အားလိုင်း ဓာတ်ကြိုးတို့ပြုတ်ကျနေသည်ကိုတွေ့လျှင် ရေစိုနေသော ဝါးလုံး၊ ရေစိုနေသောတုတ်၊ သံချောင်း၊ သံပိုက်လုံးတို့ဖြင့် ထိုးချခြင်း၊ ရိုက်ချခြင်း၊ ဖယ်ရှားခြင်းကို မိမိကိုယ်တိုင် မပြုလုပ်ရပါ။ သက်ဆိုင်ရာ လျှပ်စစ်ရုံးသို့ အမြန်သတင်းပို့ပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ ဓာတ်အားပိတ်၍ လာရောက်ရှင်းလင်းဖယ်ရှားပေးမည်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်း၍ဖြစ်စေ၊ မြစ်ရေကြီး၍ဖြစ်စေ၊ ထူးကဲဒီရေတက်၍ဖြစ်စေ၊ မိမိတို့နေထိုင်ရာရပ်ကွက်၊ မိမိတို့နေထိုင်ရာလမ်းတွင် ခါတိုင်းထက် ထူးကဲပြီး လမ်းပေါ်သာမက နေအိမ်များသို့ ရေဝင်ရောက်လာပါက မိမိတို့အိမ်ရှိ လျှပ်စစ်မိန်းခလုတ်ကို ပိတ်ထားပါ။ ထိုအချိန်အခါ၌ လျှပ်စစ်ဓာတ်အား အသုံးမပြုကြပါနှင့်။ မိမိတို့နှင့် သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ အခြေအနေအရပ်ရပ်ကို အချိန်မဆွဲဘဲ အမြန်ဆက်သွယ်သတင်းပေးပို့ရန် လိုအပ်ပါသည်။ သို့မှသာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများက သိရှိပြီး ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သလိုဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားသည် ရေတွင်ဖြတ်သန်းစီးဝင်နိုင်၍ အတိုင်းအဆမရှိဓာတ်လိုက်နိုင်သဖြင့် အထူးသတိထားကြရန် လိုအပ်ပါသည်။

### အိမ်ရှိမိန်းခလုတ်ကို ပိတ်သွားကြပါ

ရေဘေးသင့်ပြည်သူတို့ကလည်း မိမိတို့နေအိမ်ရေနစ်မြုပ်ပါက လျှပ်စစ်မိန်းခလုတ်ကိုပိတ်၍ လျှပ်စစ်ဓာတ်အားကို ဖြတ်ထားရန်လိုအပ်ပါသည်။ နေအိမ်ကို စွန့်ခွာ၍သွားရပါကလည်း အိမ်ရှိမိန်းခလုတ်ကို ပိတ်သွားကြပါ။

ရေဘေးသင့်ဒေသများ၌ ရေပြန်ကျသွား၍ ရက်ကွက်ရှိပြည်သူများ ညရေးညတာသွားလာကြရာ၌ လက်နှိပ်ဓာတ်မီးများကို မဖြစ်မနေယူဆောင်သွားသင့်ပါသည်။ ယူဆောင်သွားသော လက်နှိပ်ဓာတ်မီးများဖြင့် ပြတ်ကျနေသော ဓာတ်ကြိုးများ၊ အိကျနေသောဓာတ်ကြိုးများနှင့် မြွေများ၊ ကင်းများ၊ ရေနှင့်အတူ ပါလာတတ်သော အဆိပ်ရှိသည့် သတ္တဝါများကို မြင်အောင်ကြည့်၊ လွတ်အောင်ရှောင်၍ "ရေကြီးလေတိုင်း ဝိုင်းဝိုင်းလည်နေသော သင့်ပတ်ဝန်းကျင်မှ အန္တရာယ်များ" လွတ်ကင်းအောင် ဆင်ခြင်တုံတရားဖြင့် သတိထားကြစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




## လက်ပံတန်းမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**လက်ပံတန်း စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသတွင်း ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးရိက္ခာများ ဖူလုံစေရေး၊ ငါးစားသုံးမှု အထောက်အကူဖြစ်စေရေးနှင့် တောင်သူလယ်သမားများအနေဖြင့် စပါးအပြင် ငါးကိုလည်း မွေးမြူခြင်းဖြင့် မိသားစုအပိုဝင်ငွေများ ရရှိနိုင်ရေးတို့အတွက် ရည်ရွယ်လျက် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် အုတ်ဖိုငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ လက်ပံတန်းမြို့နယ် အုတ်တွင်းကျေးရွာအုပ်စု တောင်သူဒေါ်ကြည်ကြည်ခိုင်၏ လယ်ကွင်း၌ ငါးမျိုးစိုက်ထည့်ခြင်းကို ပြုလုပ်ခဲ့သည်။

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ရာတွင် လယ်ဧက ၄၂၀ အတွက် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀ အား မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ၊ လယ်သမားကြီးနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာအား ဆက်ခံမည့်သူအဖြစ် အာဏာရပါတီဥက္ကဋ္ဌ ဆူဂါအား ရွေးချယ်

**တိုကျို စက်တင်ဘာ ၁၄**

အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(LDP)က ရာထူးမှနုတ်ထွက်ခဲ့သည့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာ အစားထိုးရန် ပါတီဥက္ကဋ္ဌသစ်အဖြစ် အစိုးရအဖွဲ့ အတွင်းရေးမှူး ယိုရှီဟိုင်းဒီဆူဂါကို ယနေ့ ရွေးချယ်လိုက်သည်။

**ထောက်ခံ**

လွှတ်တော်ရှိ LDP မှ လွှတ်တော်အမတ်များ၏ ဆန္ဒမဲပေးရေးအစည်းအဝေးတစ်ရပ်၌ ဆူဂါက ပြိုင်ဘက်နှစ်ဦးဖြစ်သော ကာကွယ်ရေးဝန်ကြီးဟောင်း ရှီဂီရုအိုင်ရှီဘာနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖူမီယိုကီရှီဒါတို့အား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရှင်ဇိုအာဘေးက ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှနုတ်ထွက်မည်ဟု ပြီးခဲ့သည့်လအတွင်း ပြောကြားခဲ့ပြီးနောက် LDP ပါတီဝင်အများစုက အစိုးရအဖွဲ့ အတွင်းရေးမှူး ဆူဂါအား ပါတီခေါင်းဆောင်နေရာအတွက် ထောက်ခံခဲ့ကြသည်။

ဆူဂါက ဆန္ဒမဲ ၃၇၇ မဲ၊ ကီရှီဒါက ၈၉ မဲနှင့် အိုင်ရှီဘာက ၆၈ မဲ ရရှိခဲ့သည်။ စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပပြုလုပ်မည့် ဝန်ကြီးချုပ် ရွေးချယ်မှုမှာလည်း ဆူဂါသည် အနိုင်ရရှိရန် အခြေအနေကောင်းလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အာဏာရ LDP ပါတီက အောက်လွှတ်တော်နှင့် အထက်လွှတ်တော်၌ အမတ်နေရာအများစု ထိန်းချုပ်ထားသောကြောင့်ဖြစ်သည်။

**ဆန္ဒမဲပေးရွေးချယ်**

LDP ပါတီမှ လွှတ်တော်အမတ် ၃၉၄ ဦးနှင့် ကိုယ်စားလှယ် ၁၄၁ ဦးတို့က ဆန္ဒမဲပေး ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် ပါတီခေါင်းဆောင် ရွေးချယ်ရေးလုပ်ငန်းစဉ် မြန်ဆန်စေရန် သာမန်ပါတီဝင်များကို ချန်လှပ်ခဲ့သည်။

ကိုးကား - ကျိုဒိုနယူးစ်
ဘာသာပြန် - ကျော်ထိုက်စိုး



# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု စံချိန်တင်မြင့်တက်ခဲ့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ စက်တင်ဘာ ၁၄**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၂၉ ဒသမ ၂ သန်းကျော်အထိ ရောက်ရှိလာခဲ့ပြီး သေဆုံးသူ အရေအတွက်သည်လည်း ၉၂၉၀၈၆ အထိ ရှိလာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။



စက်တင်ဘာ ၁၃ ရက် တစ်ရက်တည်းမှာပင် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၇၉၃၀ ရှိခဲ့ခြင်းကြောင့် ယင်းအရေအတွက်သည် တစ်ရက်တာအတွင်း ကူးစက်မှုအမြင့်ဆုံး စံချိန်တင်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှင့် သေဆုံးမှုတွင် အများဆုံးနိုင်ငံဖြစ်ပြီး နိုင်ငံတစ်ဝန်း ကူးစက်သူအရေအတွက် ၆၇၁၀၅၈၈ ဦးနှင့် သေဆုံးသူ အရေအတွက် ၁၉၈၅၄၂ ဦးအထိ ရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကူးစက်မှုတွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၄၁၅ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် ၁၃၁၆၆၃ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၇၅၈ ဦး ရှိခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၂၆ ရက်နောက်ပိုင်း ကူးစက်ခံရသူစုစုပေါင်း ၄၃၃၀၄၅၅ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# အက်စ်ထရာဇီနီကာကုမ္ပဏီက ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ပြန်လည်စမ်းသပ်မည်

**တိုကျို စက်တင်ဘာ ၁၄**

အက်စ်ထရာဇီနီကာဆေးဝါးကုမ္ပဏီအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးစမ်းသပ်မှုများကို ဂျပန်နိုင်ငံတွင် ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးစမ်းသပ်ရာတွင် စမ်းသပ်ခံရန် လူ ၂၅၀ ခန့်ပါဝင်မည်ဖြစ်ကြောင်းနှင့် ယခုသီတင်းပတ်အတွင်း ဂျပန်နိုင်ငံ၏ ဒေသအများအပြားတွင် ဆောင်ရွက်သွားမည်ဟု သိရသည်။

၎င်းဆေးဝါးကုမ္ပဏီအနေဖြင့် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ပူးပေါင်းကာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးရရှိနိုင်ရန် ဆောင်ရွက်နေပြီး ဗြိတိန်နှင့် ဘရာဇီးတို့တွင် ၎င်းကုမ္ပဏီကစမ်းသပ်နေသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးမှာ စမ်းသပ်မှု၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း သိရသည်။ အက်စ်ထရာဇီနီကာဆေးဝါးကုမ္ပဏီက ထုတ်ပြန်သောကြေညာချက်တွင် ယခုကုမ္ပဏီက ဆောင်ရွက်နေသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး၏ စမ်းသပ်မှုသည် အရည်အသွေးမီကြောင်း စုံစမ်းရေးကော်မရှင်က ပြောကြားခဲ့ပြီးနောက် ဆေးဝါးစမ်းသပ်မှုကို ပြန်လည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အက်စ်ထရာဇီနီကာအနေဖြင့် ဂျပန်နိုင်ငံရှိ နိုင်ငံသား သန်း ၆၀ ခန့်အား ကိုရိုနာဗိုင်းရပ်စ်ဆေးဝါးထုတ်လုပ်ပြီးပါက ပံ့ပိုးရန် သဘောတူခဲ့ကြောင်း သိရသည်။ ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ




# နယူးဇီလန်နိုင်ငံက စက်တင်ဘာ ၂၁ ရက်မှစ၍ ဗိုင်းရပ်စ်ကန့်သတ်ချက်များ ရုပ်သိမ်းမည်




**ဝယ်လင်တန် စက်တင်ဘာ ၁၄**

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းအဓိကဖြစ်ပွားရာ အကြီးမားဆုံးမြို့တော် အော့ကလန်မြို့မှလွဲ၍ နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်များကို စက်တင်ဘာ ၂၁ ရက်မှစ၍ ရုပ်သိမ်းမည်ဖြစ်သည်။

အော့ကလန်မြို့တော်၏ ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်များကို လာမည့်အပတ်တွင် ပြန်လည်သုံးသပ်မည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်က ပြောကြားခဲ့သည်။ လေယာဉ်များပေါ် လပေါင်းများစွာကြာ ကန့်သတ်ခဲ့သည့် ခပ်ခွာခွာနေစည်းမျဉ်းများအားလုံး အစိုးရက ဖြေလျှော့မည်ဟု ၎င်းက ဆိုသည်။

“ဒီအပြောင်းအလဲက နယူးဇီလန်လေကြောင်းလိုင်းနဲ့ ခရီးသွားအရေအတွက် တိုးမြှင့်လာဖို့ကြိုးပမ်းနေတဲ့ နယူးဇီလန်နိုင်ငံက ဒေသအချို့အတွက် တကယ့်ကွဲပြားမှုတစ်ခု ဖြစ်စေပါမယ်”ဟု ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးခရီးစဉ်တစ်ခုအတွင်း ဒန်ဒင်းမြို့တော်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ၎င်းက ပြောသည်။ အများပြည်သူနှင့် သက်ဆိုင်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်း အသုံးပြုသူများအနေဖြင့် နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ရမည် ဖြစ်သည်။

လူဦးရေ ၅ သန်းရှိရာ နယူးဇီလန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု တားဆီးရာတွင် အောင်မြင်မှုရရှိခဲ့သော်လည်း ဩဂုတ်လအတွင်း အော့ကလန်မြို့၌ ဗိုင်းရပ်စ်ကူးစက်မှု တစ်ကျော့ပြန်ဖြစ်ပွားမှုကြောင့် အစိုးရက အော့ကလန်မြို့၌ အသွားအလာကန့်သတ်မှု ပြုလုပ်ခဲ့သည်။ အောက်တိုဘာ ၁၇ ရက်တွင် အထွေထွေရွေးကောက်ပွဲဝင်မည့် ဝန်ကြီးချုပ် ဂျာစင်ဒါက ယခုလအတွင်း ကန့်သတ်ချက်များ လျှော့ပေါ့ခဲ့သော်လည်း အော့ကလန်မြို့၌ ၁၀ ဦးထက်ပို၍ စုဝေးခွင့်မပြုပေ။ နယူးဇီလန်အစိုးရက အော့ကလန်မြို့၌ ချမှတ်ထားသော လက်ရှိကန့်သတ်ချက်များကို စက်တင်ဘာ ၂၁ ရက်တွင် ပြန်လည်သုံးသပ်မည်ဖြစ်ပြီး အပြောင်းအလဲပြုလုပ်ပါက စက်တင်ဘာ ၂၃ ရက်မှစ၍ အာဏာတည်မည်ဖြစ်သည်။

နယူးဇီလန်နိုင်ငံ၌ ယနေ့ ကိုရိုနာဗိုင်းရပ်စ် ပြည်တွင်းကူးစက်မှုသစ်တစ်ခုတွေ့ရှိသဖြင့် ကူးစက်လူနာ စုစုပေါင်း ၁၄၄၇ ဦးနှင့် သေဆုံးသူ ၂၄ ဦးအထိ ရှိလာခဲ့သည်။

ကိုးကား - သည်စထရိတ်တိုင်းမ်
ဘာသာပြန် - ကျော်ထိုက်စိုး

# အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ စံချိန်တင်ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားသူပေါင်း ၄ ဒသမ ၈၅ သန်းသို့ ရောက်ရှိ



**မွမ်ဘိုင်း စက်တင်ဘာ ၁၄**
အိန္ဒိယ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၉၂၀၇၁ ဦးဖြင့် စံချိန်တင်ခဲ့သဖြင့် တစ်နိုင်ငံလုံး ရောဂါဖြစ်ပွားသူပေါင်း ၄ ဒသမ ၈၅ သန်းအထိ ရောက်ရှိလာပြီး နေ့စဉ် ရောဂါကူးစက်မှုနှုန်းမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာ့နံပါတ် ၁ နေရာ၌ ရှိနေသည့် အမေရိကန်ပြည်ထောင်စုထက်ပင် ကျော်လွန်နေကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ရောဂါကူးစက်မှုနှုန်းဖြင့် နှိုင်းယှဉ်ပါက သေဆုံးမှုနှုန်းမှာ နိမ့်ကျဆဲဖြစ်သော်လည်း လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၀၀ အထက်ရှိကြောင်းနှင့် စုစုပေါင်းသေဆုံးသူ ၇၉၇၂၂ ရှိကြောင်း ကျန်းမာရေးဝန်ကြီးက အတည်ပြုခဲ့သည်။ ခြောက်လအတွင်း ကျင်းပခဲ့သည့် ပထမဆုံးလွှတ်တော်တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်မိုဒီက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှကာကွယ်ရန် မှန်ကာထားသည့် ထိုင်ခုံတွင် ထိုင်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲမစတင်မီ မိုဒီက မည်သည့်နိုင်ငံက ထုတ်လုပ်နိုင်သည်ဖြစ်စေ ကာကွယ်ဆေး မကြာမီရရှိမည်ဟု မျှော်လင့်ကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။

**ကိုးကား -စီအင်န်အေ**
**ဘာသာပြန် -မေလဲ့သင်း**



# လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်စာချုပ် ဆောလျင်စွာချုပ်ဆိုနိုင်ရေး ဗြိတိန်နှင့် အီးယူရှိ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းရှင်များအဖွဲ့ တောင်းဆို

**လန်ဒန် စက်တင်ဘာ ၁၄**
ဗြိတိန်နှင့် ဥရောပသမဂ္ဂနိုင်ငံများရှိ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းရှင်များအဖွဲ့က လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်စာချုပ်တစ်ရပ်အား ဆောလျင်စွာချုပ်ဆိုနိုင်ရေး လန်ဒန်နှင့်ဘရပ်ဆဲလ်ရှိ ညှိနှိုင်းရေးဆောင်ရွက်သူများအား တောင်းဆိုလိုက်ကြောင်း သိရသည်။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် မရရှိပါက မော်တော်ကားထုတ်လုပ်ရေးကဏ္ဍအတွက် ထိခိုက်မှုများ ထပ်မံဖြစ်ပေါ်လာလိမ့်မည်ဖြစ်ကြောင်း ယနေ့တွင် မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းရှင်များအဖွဲ့က အရေးပေါ် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဘရက်ဆစ် အသွင်ကူးပြောင်းရေးကာလသည် လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်မရရှိဘဲ ပြီးဆုံးခဲ့ပါက မော်တော်ကားများအပေါ် ပေးဆောင်ရသည့် အခွန်သည် ၁၀ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်ကြောင်းလည်း အဆိုပါထုတ်ပြန်ကြေညာချက်က သတိပေးထားသည်။

ဗြိတိန်နှင့် အီးယူးတို့သည် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် ကုန်ဆုံးမည့် ဘရက်ဆစ်အသွင်ကူးပြောင်းရေးကာလပြီးဆုံးပါက ညင်သာသည့် ကုန်သွယ်ရေးကဏ္ဍကို ဆက်လက်ထားရှိရန် လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိရေး ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# ဂျကာတာမြို့ကို အသွားအလာကန့်သတ်မှု ဒုတိယအကြိမ် ပြန်လည်ချမှတ်ရန် တာဝန်ရှိသူများ ဆောင်ရွက်

**ဂျကာတာ စက်တင်ဘာ ၁၄**
အင်ဒိုနီးရှားနိုင်ငံ၏မြို့တော် ဂျကာတာ၌ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်မှု ဒုတိယအကြိမ် ချမှတ်ရန် တာဝန်ရှိသူများက ဆောင်ရွက်နေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၂၁၅၂၃ ဦးရှိပြီး သေဆုံးသူ ၅၅၉၁ ဦး ရှိကြောင်း သိရသည်။

ဂျကာတာရှိ စီးပွားရေးလုပ်ငန်းများ၊ ဈေးဝယ်စင်တာများနှင့် ဘာသာရေးအဆောက်အအုံများကို လူဦးရေအကန့်အသတ်ဖြင့်သာ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး ယင်းညွှန်ကြားချက်မှာ စက်တင်ဘာ ၁၄ ရက်မှစတင်၍ ရက်သတ္တနှစ်ပတ်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များတွင် ဆိုင်တွင်း ဝင်ရောက်စားသောက်ခြင်းများကို ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်မှုများ ပြန်လည်ချမှတ်ရခြင်းမှာ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများမြင့်တက်နေခြင်းနှင့် ဂျကာတာရှိ ဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ်လူနာများ အများအပြားတက်ရောက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ဂျကာတာတွင် ယခုလအတွင်း နေ့စဉ်ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ ၁၀၀၀ ကျော်အထိ မြင့်တက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။


နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု များပြားနေသဖြင့် တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့်စီးပွားရေးအခြေအနေကို ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းရာတွင် အခက်အခဲများရှိနေကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-စိုးသူရ**



# မလေးရှား-စင်ကာပူ ဆက်သွယ်ထားသည့်လမ်းအား လေအေးပေးစက် တပ်ဆင်ထားသည့် လူသွားလျှောက်လမ်း တည်ဆောက်ရန် ဂျိုဟော် ပြင်ဆင်

**အစ္စကန်တာပူတီရီ စက်တင်ဘာ ၁၄**
မလေးရှား-စင်ကာပူ ချိတ်ဆက်ထားသည့်လမ်းပိုင်းဘေးဘက်တွင် အရှည် မီတာ ၃၅၀ ရှည်သည့် လေအေးပေးစက် တပ်ဆင်ထားသည့် လူသွားလျှောက်လမ်းတစ်ခု တည်ဆောက်ရန် ဂျိုဟော်ပြည်နယ်ဘက်မှ ပြင်ဆင်နေပြီဖြစ်ကြောင်း ပြည်နယ်အစိုးရက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။




ပြည်နယ်အစိုးရက အဆိုပါ လမ်းတည်ဆောက်ရန်အတွက် ရင်းဂစ်သန်း ၃၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၈ သန်း) ဗဟိုအစိုးရသို့ တောင်းဆိုထားသည်။ ယခုနှစ်အစောပိုင်းက အဆိုပါလျှောက်လမ်းဆောက်လုပ်ရန်အတွက် ရင်းဂစ် ၁၅ သန်းသာ တောင်းဆိုခဲ့သော်လည်း အသစ်ပြန်လည်ရေးဆွဲသည့် ဒီဇိုင်းသစ်တွင် ဓာတ်လှေကားများနှင့် လေအေးပေးစက်များပါဝင်ရာ မူလထက် ကုန်ကျစရိတ်နှစ်ဆတောင်းဆိုထားခြင်းဖြစ်သည်။

အဆိုပြုချက်အရ စင်ကာပူနယ်စပ်အထိ မီတာ ၃၅၀ ရှည်လျားမည့် လျှောက်လမ်းတည်ဆောက်မည်ဖြစ်ပြီး စင်ကာပူဘက်မှ အရှည်မည်မျှ တည်ဆောက်မည်လဲဆိုသည်ကို မိမိမသိရှိကြောင်း အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဥက္ကဋ္ဌ ဘက်ဒရီက ဆိုသည်။ အဆိုပါ အဝေးပြေးလမ်းပေါ်တွင်လမ်းလျှောက်သူများကို အရေးယူမှု တစ်စုံတစ်ရာ မပြုသော်လည်း လမ်းလျှောက်မှုကိုတားမြစ်ထားပြီး ယခုလို သီးခြားလျှောက်လမ်း ထားရှိပေးခြင်းက လမ်းလျှောက်သွားလာလိုသူများအတွက် သတင်းကောင်းပင်ဖြစ်ကြောင်း ဘက်ဒရီက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-ဘာနာမာ၊ ဘာသာပြန်-မေလဲ့သင်း**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ**
**၂၉၂၁၉၀၃၄ ဦး**

**သေဆုံးသူ**
**၉၂၉၀၈၆ ဦး**

**ပြန်လည်ကျန်းမာ**
**၂၁၀၄၆၇၀၅ ဦး**

# ကိုဗစ်-၁၉ ကြောင့် ယိမ်းယိုင်သွားသည့် ခရီးသွားလုပ်ငန်းများ မြှင့်တင်မှုအနေဖြင့် နိုင်ငံသားများအား အခမဲ့အပန်းဖြေခရီးထွက်နိုင်ရန် ထိုင်းအစိုးရဆောင်ရွက်

**ဗန်ကောက် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ကြောင့် ယိမ်းယိုင်ခဲ့သည့် ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းကို ပြန်လည်ကုစားနိုင်ရန်အတွက် အစိုးရထောက်ပံ့ရေးရန်ပုံငွေဖြင့် နိုင်ငံသားများကို ပြည်တွင်းခရီးထွက်နိုင်ရန် ဆောင်ရွက်နေကြောင်း အေဘီစီသတင်းဌာနက ယနေ့တွင် ဖော်ပြသည်။

**စီစဉ်ပေးထား**

ထိုင်းအစိုးရ၏ ပံ့ပိုးမှုအစီအစဉ်တွင် နိုင်ငံသား ရှစ်သိန်းကို အပန်းဖြေခရီးထွက်ခွင့်ရမည်ဖြစ်ပြီး ခရီးသွားလာခွင့် ပိတ်ထားခဲ့သည့် ရက်သတ္တ ၁၆ ပတ်အပြီးတွင် ယခုလို အစီအစဉ်သစ်တစ်ရပ်ကို အစိုးရဘက်မှ စီစဉ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစီအမံကို နိုင်ငံသားအတော်များများက သဘောကျနှစ်ခြိုက်ကြပြီး ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်မှုရှိခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်များကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။ ယင်းအစီအစဉ်အတွက် ထိုင်းဘတ်ငွေ ၁၀၈ သန်း သုံးစွဲမည်ဖြစ်ပြီး အဓိကအားဖြင့် ကမ်းခြေနှင့် တောင်ပေါ်ဒေသဘုရားများသို့ လည်ပတ်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။ ခရီးသွားအစီအစဉ် အစအဆုံး (ညစာမှသည် ဟိုတယ်အကြိုအခန်းယူသည်အထိ) အတွက် အွန်လိုင်းမှ တိုက်ရိုက် မှတ်ပုံတင်နိုင်ရန် စီစဉ်ပေးထားပြီး အဆိုပါအစီအစဉ်အတွက် သီးသန့်အက်ပလီကေးရှင်းတစ်ခုကိုလည်း အစိုးရဘက်မှ မိတ်ဆက်ပေးခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် နိုင်ငံခြားဧည့်သည် သန်း ၄၀ လာရောက်မည်ဟု မျှော်မှန်းထားသော်လည်း မတ်လမှစတင်ကာ တစ်ကမ္ဘာလုံးပျံ့နှံ့ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်ပခရီးသည်ဝင်ရောက်မှုကန့်သတ်ခဲ့ရပြီး လေကြောင်းခရီးစဉ်များကိုတားမြစ်ထားရသဖြင့် ခရီးသွားလုပ်ငန်းမှာလုံးဝထိုးကျသွားခဲ့သည်။

**ကိုးကား-အေဘီစီ**
**ဘာသာပြန်-မေလှဲ့သင်း**





# အစ္စရေးနိုင်ငံက နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက် ဒုတိယအကြိမ် ပြန်လည်ချမှတ်မည်

**ဂျေရုဆလင် စက်တင်ဘာ ၁၄**

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာခြင်းကြောင့် ယခုတစ်ပတ် နောက်ဆုံးရက်ဖြစ်သည့် သောကြာနေ့မှစတင်ကာ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်ကို ဒုတိယအကြိမ် ပြန်လည်ချမှတ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်ကို စက်တင်ဘာ ၁၈ ရက်မှစတင်ကာ သီတင်းသုံးပတ်ကြာ ချမှတ်သွားမည်ဖြစ်ကြောင်းလည်း အစ္စရေးနိုင်ငံအစိုးရက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းများအရ ပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်မှ မီတာ ၅၀၀ အတွင်းသာ နေထိုင်ရမည်ဖြစ်ပြီး စူပါမားကက်များကို ဆက်လက်ဖွင့်လှစ်ထားရှိမည်ဖြစ်သော်လည်း ကျောင်းများနှင့် တခြားသော ဈေးဝယ်စင်တာများကိုမူ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် မတ်လမှအလယ်စတင်ကာ ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက် အစီအမံများကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ချမှတ်ပြီးနောက် နှစ်လနီးပါးအကြာတွင် နေ့စဉ်ကူးစက်သူဦးရေ ၁၀ ဦးအောက် လျော့နည်းကျဆင်းလာသည့်အတွက် ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်းအပါအဝင် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တစ်ကျော့ပြန် မြင့်တက်လာခဲ့သည်။

လူဦးရေ ကိုးသန်းခန့်ရှိသည့် အစ္စရေးနိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က နေ့စဉ်ကူးစက်သူအရေအတွက် ၄၀၀၀ ကျော်အထိရှိခဲ့ပြီး လက်ရှိတွင် အစ္စရေးနိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၁၅၀၀၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၄၁ ဦး တွေ့ရှိပြီး ၁၁၈ ဦး ထပ်မံသေဆုံး

**ဂျကာတာ စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၄၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၂၁၅၂၃ ဦး ရှိလာခဲ့ကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၁၈ ဦး ထပ်မံသေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၈၈၄၁ ဦး ရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၃၃၉၅ ဦးသည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၁၅၈၄၀၅ ဦး ရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားခဲ့ရာ အထူးသဖြင့် မြို့တော်ဂျကာတာ၌ ၈၇၉ ဦး၊ အရှေ့ဂျာဗား၌ ၃၄၃ ဦး၊ အနောက်ဂျာဗား၌ ၂၀၃ ဦး၊ တောင်ဆူလာဝေစီ၌ ၁၈၅ ဦးနှင့် အလယ်ဂျာဗား၌ ၁၇၁ ဦး စသဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီး ကူးစက်ခံခဲ့ရကြောင်း သိရသည်။

သို့သော် ဂျမ်ဘီ၊ ဘန်ကာဘယ်လီတုန်၊ အလယ်ကာလီမန်တန်၊ အရှေ့နူဆာတင်ဂါရာ၊ အလယ်ဆူလာဝေစီနှင့် ဂိုရွန်တာလို စသည့်ပြည်နယ်နှင့် ဒေသခြောက်ခုတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ နောက်ထပ် ကူးစက်မှုမရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျော်တီ**



# တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးကျော်နှင့် ၎င်းတို့၏ မိသားစုဝင်များ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ဆိုးလ် စက်တင်ဘာ ၁၄**

မကြာသေးမီက တောင်ကိုရီးယားနိုင်ငံ၌ ပြန်လည်ဖြစ်ပွားလာသည့် ကိုဗစ်-၁၉ ရောဂါကြောင့် စိုးရိမ်ပူပန်မှုများ မြင့်တက်နေစဉ် တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးကျော်နှင့် ၎င်းတို့၏ မိသားစုဝင်များ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့က ယနေ့ပြောကြားသည်။

**အတည်ပြု**

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦးကျော်နှင့် မိသားစုဝင်များသည် စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်းက တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် စက်တင်ဘာ ၁ ရက်နှင့် ၉ ရက်တို့တွင် အမေရိကန်ပြည်ထောင်စုမှ စင်းလုံးငှားလေယာဉ်ဖြင့် မြို့တော်ဆိုးလ်မှ တောင်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာရှိ အမေရိကန်၏ အိုဆန်လေတပ်အခြေပြုစခန်းသို့ အသီးသီးဆိုက်ရောက်ခဲ့ကြသည်။




ထို့အပြင် ကျန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ၎င်းတို့၏ မိသားစုဝင်သုံးဦးတို့သည် စက်တင်ဘာ ၆ ရက်နှင့် ၁၀ ရက်တို့တွင် အမေရိကန်ပြည်ထောင်စုမှ ကုန်သွယ်ရေးလေယာဉ်တစ်စင်းဖြင့် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို ပြောင်တက်ခ်အရပ်တွင် တည်ရှိသော ကမ့်ဟမ်းဖရေးစ်နှင့် အိုဆန်လေတပ်အခြေပြုစခန်းများရှိ ကိုဗစ်-၁၉ ရောဂါ လူနာများအတွက် သတ်မှတ်ထားသော သီးခြားစောင့်ကြည့်ရေးစင်တာများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**၁၈၈ ဦး ရှိလာ**

လက်ရှိအချိန်အထိ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်နှင့် ၎င်းတို့၏ မိသားစုဝင်ပေါင်း ၁၈၈ ဦး ရှိလာကြောင်း တောင်ကိုရီးယားပိုင် ယွန်ဟပ်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၂၂၂၈၅ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျော်တီ**

## မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၄
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၃ ရက်အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်းတုန်းမြို့နယ် မြှုးဝကျေးရွာနှင့် ခုန်တိုင်ကျင်းကျေးရွာ ဆက်သွယ်ရေးလမ်းကြောင်းနှင့် တစ်မိုင်ခန့်အကွာတွင် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား လေးတန်၊ ကနီမြို့နယ် နတ်လာပို့ မြောက်ရွာ အောက်ဘက် ၃ ဖာလုံခန့်အကွာ ချင်းတွင်းမြစ်အတွင်းမှ တရားမဝင် အင်သစ် ၈ တန်ခန့်၊ ကသာမြို့နယ် အလယ်ရွာရေဆိပ်အနီး ရွှေလီမြစ်ဘေး ဖုန်းကုန်းကျေးရွာ အနောက်ဘက်တစ်မိုင်ခန့်အကွာ ရေဝတီမြစ်ဘေး သက္ကယ်ကျင်းကျေးရွာအနီး ရွှေလီမြစ်ဘေးနေရာတို့၌ တရားမဝင် ကျွန်းသစ် ၁၁ တန်နှင့် ၃ ပေအောက် ကျွန်းသစ် နှစ်တန်၊ ဖောင်းပြင် မြို့နယ်၊ ဖောင်းပြင်-ပင်လည်ဘူးသွား ကားလမ်းဝဲဘက် တောတွင်းနေရာ၌ ၁၀ ဘီးယာဉ်ပေါ်မှ တရားမဝင် တမလန်းခားရွေ ၁၅ တန်၊ ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဗန်းမောက်မြို့နယ်၊ နန့်ခေါင်ဟူးကြိုးဝိုင်းအတွင်း တရားမဝင် အင်ဂျင်အလုံး ၂၀၊ ကျောက်ကြိတ်ခုံ ခြောက်လုံး၊ ဒိုင်နမို ကိုးလုံး၊ အဲကွန်ပရက်ဆာ သုံးလုံး၊ လေအိုး နှစ်လုံး၊ ၃ တန်ဝင် တစ်လုံး၊ ၃ ကောင်မော်တာ တစ်လုံးပါဝင်သော တရားမဝင် ရွှေတူးဖော်နေသူ ၁၀ ဦး၊ ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်း အကွက်(၆၈)အတွင်း ဆိုင်ကယ်သုံးစီးပေါ်မှ တရားမဝင် ကျွန်းခွဲသား သုည ဒသမ ၄၁၀၀ တန်အား ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)



## ကလောမြို့၌ ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေဆုံး

ကလော စက်တင်ဘာ ၁၄
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရေယားကျေးရွာအနီးတွင် ယနေ့နံနက် ၃ နာရီခန့်က ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၆၈/၅)နှင့် (၆၈/၆)ကြား အရောက်တွင် မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလောမြို့ အမှတ်(၈)ရပ်ကွက်နေသူ ယာဉ်မောင်း ကြည်စိုးဦး မောင်းနှင်သည့် ယာဉ်သည် သာစည်မှ ကလောသို့ မောင်းနှင်လာစဉ် ရေယားကျေးရွာအနီး မိုင်တိုင်အမှတ် (၆၈/၅) (၆၈/၆)ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် ပေ ၁၀၀ ခန့်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း ကြည်စိုးဦးတွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း ကြည်စိုးဦးအား ကလောမြို့မရဲစခန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၁၂၆ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Smart Fabric Softner(1x24) (450 ml) (15 Pkgs)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



(၅၆)ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီ ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်း ဦးစီးအဖွဲ့က စက်တင်ဘာ ၁၃ ရက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။ ကြေးမုံ









## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၉-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်

၅၄ ရက်သာ

လိုတော့သည်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲကာလအတွင်း မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

# လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၄

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကျစိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



**လေးစားအပ်ပါသော ရေဒီယိုနှင့်ရုပ်မြင်သံကြားဖန်သားပြင်ပေါ်ကြည့်ရှုအားပေးကြပါသော မိဘပြည်သူ ပရိသတ်အပေါင်းတို့ ...**

ယခုလို ရေဒီယိုနှင့်ရုပ်မြင်သံကြားဖန်သားပြင်ပေါ် မိမိတို့၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များ စည်းရုံးဟောပြောထုတ်လွှင့်ခွင့်များရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကျစိုးဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မူဝါဒသဘောထားများကို ရှေးဦးစွာ တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့မူဝါဒသဘောထားများမှာ–

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် တည်ဆောက်ရာတွင် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို လိုက်နာကျင့်သုံးမှသာ အောင်မြင်မှုရရှိမည်ဟု မိမိတို့ပါတီအနေဖြင့် ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် လားဟူအမျိုးသားများနေထိုင်ရာ ဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှုအင်အားကို ရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်နိုင်ရန် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို လားဟူဘာသာဖြင့် (လားဟူချေကျူအူ လာမူလာတူပါတီ) ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Lahu National Development Party) ဟုခေါ်ဆိုပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံတော်အကြောင်းကို တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံဟာ အလျား ၅ ပေ၊ အနံ ၂ ပေခွဲရှိပြီး အလံတစ်ခုလုံးရဲ့ ရှေ့ဘက်မှာ အဖြူရောင်သုံးနားညီ တြိဂံထောင်ထားပါတယ်။ နောက်ခံအနီရောင်နှင့် မိုးပြာရောင်တို့ဟာ အလံရဲ့ အလျားလိုက် ထက်ဝက်စီဖြင့် အရောင်ခြယ်ထားပါတယ်။

ထောင်ထားသော သုံးနားညီတြိဂံ၏အဖြူရောင်နောက်ခံ၌ လားဟူရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ အစဉ်အဆက်အသုံးပြုသော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထား၍ ကြက်ခြေခတ်စုံတဲ့နေရာတွင် စပါးနှံတစ်နှံထောင်ထားပြီး စပါးနှံထိပ်တွင် ကြယ်နီတစ်ပွင့် ရှိပါတယ်။

အလံ၏အဓိပ္ပာယ်ဖော်ပြချက်ကတော့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအလံတွင် ပါဝင်သော အဖြူရောင်၊ တြိဂံ၊ ဘူးခါးပလွေ၊ စပါးနှံနှင့် ကြယ်နီပွင့်တို့ရဲ့အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

အဖြူရောင်ကတော့ ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကတိသစ္စာရှိခြင်းကို အသွင်ဆောင်ပါသည်။ အနီရောင်ကတော့ ရဲစွမ်းသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ ရဲရင့်တည်ကြည်ခြင်းကို ဖော်ဆောင်ပြီး မိုးပြာရောင်ကတော့ ကြည်လင်အေးမြခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းပါတယ်။

တြိဂံဟာ လားဟူအမျိုးသားများ၏ ဘုရား၊ တရားကို သက်ဝင်ယုံကြည်ကိုင်းရှိုင်းခြင်း၊ မျိုးချစ်စိတ်ရှိခြင်းနဲ့ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးခြင်းတို့ကို ဆိုလိုပါတယ်။

ဘူးခါးပလွေကတော့ ခေတ်အဆက်ဆက်မှ လားဟူအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ စည်းလုံးညီညွတ်မှု အသွင်ဆောင်လျက် အထွတ်အမြတ်ထားခြင်း၊ မည်သည့် နေ့ထူးနေ့မြတ်ပွဲလမ်းသဘင်တွင်မဆို ဘူးခါးပလွေ တီးမှုတ်လျက် တစည်းတလုံးတည်းဖြင့် ဂုဏ်ပြုကခုန်ပြီး စည်းလုံးညီညွတ်မှုကိုခံယူပါတယ်။

စပါးနှံဟာ လားဟူအမျိုးသားတို့ရဲ့ ဘိုးဘေးဘီဘင်ခေတ်အဆက်ဆက် အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို ဦးထိပ်ထားလျက် ဖွံ့ဖြိုးတိုးတက်ရေးအသွင်ကို ဆောင်ပါတယ်။

ကြယ်နီတစ်ပွင့်ကတော့ လားဟူအမျိုးသားအားလုံး ကိုယ်စားပြုသည့် ကြယ်နီတစ်ပွင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စည်းတံဆိပ်မှာ အဝိုင်းပုံဖြစ်ပြီး ထိပ်ဆုံး၌ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟူ၍ မြန်မာဘာသာဖြင့် ရေးသားထားပြီး အောက်ပိုင်းတွင် လားဟူဘာသာဖြင့် ရေးသားထားပါတယ်။ မြန်မာဘာသာနှင့် လားဟူဘာသာစပ်ကြား တစ်ဖက်တစ်ချက်တွင် ကြယ်တစ်ပွင့်စီပါရှိပါတယ်။ တံဆိပ်ရဲ့အလယ်ဗဟိုတွင် လားဟူရိုးရာယဉ်ကျေးမှုရဲ့ အထွတ်အမြတ်ဖြစ်သော ဘူးခါးပလွေနှစ်ခုကိုကြက်ခြေခတ်ဆုံတဲ့နေရာတွင် မှည့်ဝင်းနေသော စပါးနှံတစ်နှံကို ထောင်ထားပါတယ်။ စပါးနှံရဲ့ထိပ်တွင် ကြယ်တစ်ပွင့်ပါရှိပါတယ်။ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထားသည့် ဘူးခါးပလွေအောက်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုကောက်ဖြစ်သော( LNDP) စာလုံးကို ရေးသားထားပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်ကတော့......

- ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေးအစွန့်ရှည်ရေး စသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။
- လားဟူတိုင်းရင်းသားလူမျိုးစုတို့ရဲ့စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာ ဖွံ့ဖြိုးတိုးတက် ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။
- နိုင်ငံသားတိုင်းအခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေး၊စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။
- တစ်မျိုးသားလုံး၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော လားဟူအမျိုးသားများနေထိုင်ရာဒေသ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန်။
- နိုင်ငံတော်နှင့်နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသောနိုင်ငံများမှ အကျိုးရှိမည့် အတွေ့အကြုံများ၊ လုပ်နည်းလုပ်ငန်းများကို ရယူကျင့်သုံး အကောင်အထည်ဖော်သွားရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များမှာ–

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများ နေထိုင်ရာဒေသအတွင်းရှိ နယ်သူ/သားများအား နိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင် ရှိလာစေရန်နှင့် မိမိတို့နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာအစဉ်အမြဲတိုးတက်ရှင်သန် မြင့်မားလာစေရေးအတွက် စည်းရုံးလေ့ကျင့် ပြုစုပျိုးထောင်သွားမည်။

၂။ တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် နယ်မြေဒေသ၏ တိုးတက်ရေး၊ လူသားအားလုံး ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက်စနစ်ကို စွန့်လွှတ်ပြီး တရားမျှတ၍ ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့် အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်းလုပ်ဆောင်သွားမည်။

၃။ မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ်၊ အမြော်အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။

၄။ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူ/သားများက ဘိုးဘေးဘီဘင် အစဉ်အလာဖြင့် အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ပပျောက်သွားရေးနှင့် ဘိန်းအစားပြည်တွင်းပြည်ပသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားမည်။

၅။ လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးဝါဒကိုကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ကျင့်သုံးသွားမည်။

၆။ လားဟူတိုင်းရင်းသားလူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအနုပညာများကို ဖော်ထုတ်ပြီး တိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။

၇။ အရပ်ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအား တိုးချဲ့ပြုပြင်လုပ်ကိုင်ဆောင်ရွက်သွားမည်။ ဆင်းရဲချမ်းသာမရွေး၊ လူတိုင်းအခမဲ့ဆေးဝါးကုသမှု ရရှိရေးအတွက် ဆောင်ရွက်သွားမည်။ လူတိုင်းပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ၂၀၂၀ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ယှဉ်ပြိုင်မယ့်အမှတ်တံဆိပ်ကတော့ လားဟူတစ်မျိုးသားလုံး ညီညွတ်မှုအသွင်ဆောင်တဲ့ ဘူးခါးပလွေဖြစ်ပါကြောင်းနှင့် ဘူးခါးပလွေဘေးမှာ အမှန်တံဆိပ်ကိုနှိပ်၍ မဲပေးခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေး၊တိုင်းရင်းသားတန်းတူရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လားဟူ တစ်မျိုးသားလုံး စည်းရုံးကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**လက်တွဲကြစို့ (အဖွင့်သီချင်းစာသား)**

ကနဦးအစ ငါတို့လားဟူလူမျိုးတွေ ပြည်နယ်လည်းမရှိခဲ့ဘူး တစ်ယောက်တစ်မြေဆီ အတွေးအခေါ်တစ်ယောက်တစ်မျိုးစီ တွဲလက်တွေမညီညွတ်ခဲ့ကြဘူး

ယနေ့ ငါတို့လားဟူ တိုင်းရင်းသားများက လူမျိုးကြီးဖြစ်လာစေရန် သီချင်းလေးနဲ့အတူ ပြောပြချင်တယ် လားဟူပါတီအကြောင်းကို လားဟူတိုင်းရင်းသားများ ရှင်သန်နေထိုင်နိုင်ရန် နေရာဒေသရဖို့သွေးတွေပေးဆပ်စရာမလိုပါဘူး ကိုယ့်လူမျိုးတွေနေထိုင်ရန် ကိုယ့်လူမျိုးတွေ အခြားလူမျိုးကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာစေဖို့ ကိုယ့်လားဟူလူမျိုးရဲ့ ပါတီကို တိုင်းသိပြည်သိလျက်ရှိနေပါပြီ ကိုယ့်မှာရှိတဲ့ ငွေရေးကြေးရေးနဲ့ ကိုယ့်မှာရှိတဲ့ပညာတွေ ကိုယ့်လူမျိုးအတွက် အသုံးပြုကာ အတူတကွ လက်တွဲကြပါစို့

**လားဟူလူမျိုးများရဲ့ စိတ်ဓာတ် (အပိတ်သီချင်းစာသား)**

လားဟူလူမျိုးကို ချစ်မြတ်နိုးတတ်တဲ့ ကိုယ့်လားဟူ၊ ရှိတဲ့နေရာအရပ်မှာ အောင်နိုင်သူကြီးဖြစ်ပါစေ လိုအပ်နေတဲ့ပညာ လိုအပ်နေတဲ့ငွေရေးကြေးရေး လိုအပ်လျက်ရှိတဲ့ အတွေးအခေါ်အကြံဉာဏ်တွေ ပေးကြပါကူညီကြပါ ကိုယ့်လားဟူလူမျိုးကို တကယ်ချစ်ရင် ဒီသက်သေကို ဖော်ထုတ်ပြသကြပါနော် ရှေးလူကြီးရဲ့ ဆိုရိုးစကားရှိတယ် လက်မောင်းကျိုးခဲ့ရင် လက်မောင်းအောက်ဖွက် ပါကမတွေ့ရတော့ဘူးတဲ့ သင်ရောလားဟူလူမျိုးဆိုရင် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတဲ့စိတ် သင့်မှာရှိရန် အရေးကြီးပါတယ် ထွက်မပြေးပါနဲ့ မပစ်ပယ်ပါနဲ့ မရှုတ်ချပါနဲ့ လားဟူရဲ့သွေးသား လားဟူရဲ့ စိတ်ဓာတ် မိမိအထဲ၌ ဖြစ်တည်စေကြပါစို့

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၄

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးလှသိန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒီမိုကရေစီ မြတ်နိုးသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား.....**

ရိုသေလေးစားစွာဖြင့် နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီရဲ့ ဥက္ကဋ္ဌ ဦးလှသိန်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ လူမျိုးပေါင်းစုံ၊ ဘာသာမျိုးစုံ စုပေါင်းနေထိုင်တဲ့ နိုင်ငံတော်ဖြစ်ပါတယ်။ ဒီပြည်ထောင်စုကို နိုင်ငံသားအားလုံးက စုပေါင်းပိုင်ဆိုင်ကြသလို၊ လွတ်လပ်ရေး မဆုံးရှုံးစေရေး၊ နိုင်ငံတော် မပြိုကွဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ နိုင်ငံသားတိုင်း မွေးရာပါလူ့အခွင့်အရေးများ အပြည့်အဝရရှိနိုင်ပြီး ပြည်သူလူထုအာဏာပိုင်စိုးတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖွဲ့စည်းတည်ထောင်ဖို့ လူသားတိုင်းမှာ ဆန္ဒရှိပါတယ်။

**မိဘပြည်သူများခင်ဗျား.........**

ကမ္ဘာမှာရှိတဲ့ နိုင်ငံအများစုဟာ ဒီမိုကရေစီစနစ်ကို မြတ်နိုးပြီး ဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းကြပေမယ့် တိုးတက်တဲ့နိုင်ငံရှိသလို၊ တိုးတက်သင့်သလောက် မတိုးတက်တဲ့ နိုင်ငံတွေလည်းရှိကြပါတယ်။ အဲဒီလိုဖြစ်ရတဲ့ အကြောင်းရင်းက ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကြတဲ့နေရာမှာ ပြည့်စုံမှုအားနည်းတာရယ်၊ ပါဝင်ဆောင်ရွက်ကြတဲ့ ခေါင်းဆောင်များအရည်အချင်း ညံ့ဖျင်းတာရယ်၊ ပြည်သူလူထုရဲ့ လိုလားတောင့်တမှုကို မျက်ကွယ်ပြုပြီး၊ တိုးတက်ပြီးဖြစ်သော နိုင်ငံတွေရဲ့နည်းစနစ်ကို ဒေသနဲ့ကိုက်ညီမှု ဆန်းစစ်မှုမရှိဘဲ အတုခိုးမှားတာကြောင့်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ လူတန်းစားအလွှာအသီးသီးတို့ရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီတဲ့ လူ့အခွင့်အရေးအပြည့်အဝ ခံစားခွင့်ရှိတဲ့ စစ်မှန်သော ဒီမိုကရေစီစနစ်နဲ့သာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်တွေကတော့.......

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထာဝရတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်နိုင်တဲ့ ဒီမိုကရေစီအစိုးရအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ရန်။
(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူမျိုး၊ ဘာသာ၊ ကျား/မ အဆင့်အတန်းမရွေး၊ တိုင်းရင်းသား နိုင်ငံသားမရွေး ပါဝင်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သွားရန်။
(၃) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုပြီး တိုးတက်တဲ့နိုင်ငံများမှ နှောင်ကြိုးမဲ့ အကူအညီများကို လက်ခံကျင့်သုံးသွားရန်။
(၄) အလုပ်သမားများရဲ့ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် လုပ်အားခနဲ့ အတတ်ပညာညီမျှမှု၊ လူမှန်နေရာမှန်ရရှိမှုနဲ့ ကာယဉာဏစွမ်းအားအလိုက် ခံစားပိုင်ဆိုင်ခွင့်ရှိမှု အခြေခံရပိုင်ခွင့်များရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။
(၅) ကုန်ဈေးနှုန်းများ ကျဆင်းပြီး ပြည်သူလူထု သက်သာချောင်ချိစေရေးအတွက် စီးပွားရေးမူဝါဒနဲ့ စီမံကိန်းများ ချမှတ်အကောင် အထည်ဖော်သွားရန်။
(၆) ခေတ်မီတိုးတက်သော စက်မှုနိုင်ငံကြီးများရဲ့ အကူအညီနဲ့ နိုင်ငံတော်ရဲ့ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ ရှာဖွေဖော်ထုတ်ရန်။
(၇) ပြည်တွင်းဆူပူသောင်းကျန်းမှုများ၊ အကြမ်းဖက်မှုများ ချုပ်ငြိမ်းစေရေး အတွက် ပြည်တွင်းငြိမ်းချမ်းမှုကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်။
(၈) တရားဥပဒေစိုးမိုးသော နိုင်ငံတော်လုံခြုံရေး ကာကွယ်ရေးစနစ်တို့ကို တည်ဆောက်သွားရန်တို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ လူတန်းစားအလွှာအသီးသီးတို့ရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီတဲ့ အခြေခံလူ့အခွင့်အရေး အပြည့်အဝခံစားခွင့်ရှိတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်နဲ့သာ နိုင်ငံတော်ကိုတည်ဆောက်ဖို့ အလေးထား ဆန္ဒရှိပါတယ်။

နိုင်ငံတော်ရဲ့အဓိကလိုအပ်ချက်များဖြစ်တဲ့.....

(၁) ဘာသာရေးအရ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိရမယ်။
(၂) တရားဥပဒေအရာမှာ အခွင့်အရေးတန်းတူရှိရမယ်။
(၃) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လွတ်လပ်စွာ ရွေးချယ်လုပ်ကိုင်ခွင့်ရှိရမယ်။
(၄) နိုင်ငံသားအဖြစ်ခံယူမှု နိုင်ငံသားဖြစ်မှုအရာမှာ ဥပဒေနှင့်အညီ တရားမျှတစွာ အခွင့်အရေးရရှိရမယ်။
(၅) အခွင့်အရေးတန်းတူညီမျှ ရရှိရေး၊ မတရားဖိနှိပ်တဲ့ ဥပဒေတွေဖျက်သိမ်းရေး၊ တန်းတူရည်တူ ပညာသင်ကြားခွင့်ရှိရမယ်။
(၆) လွတ်လပ်စွာရွေးကောက်ပိုင်ခွင့်ရှိရမယ်။
(၇) တိုင်းပြည်တိုးတက်ရေးအတွက် အဓိကကျသော လျှပ်စစ်ဓာတ်အားကို မြို့ရော တောပါ အချိန်ပြည့်ရရှိအောင် ဆောင်ရွက်ပြီး အိမ်တွင်းစက်မှုလုပ်ငန်းများကို တည်ဆောက်သွားမယ်။
(၈) တိုင်းရင်းသား၊ နိုင်ငံသားပြည်သူအားလုံးကျန်းမာရေးအတွက် နိုင်ငံတော်အထောက်အပံ့ဖြင့် ဆေးဝါးကုသမှုခံစားခွင့် အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးမယ်။
(၉) အခမဲ့ပညာရေးစနစ်ကို အခြေခံမှ အထက်တန်းပညာအထိ ခွင့်ပြုပြီး၊ ပညာရေးလုပ်ငန်းအတွက် လိုအပ်တဲ့စာအုပ်စာတမ်းများ၊ ပရိဘောဂများ၊ အဆောက်အအုံများ၊ သိပ္ပံနဲ့နည်းပညာပစ္စည်းများ၊ ဓာတ်ခွဲခန်းပစ္စည်းများ၊ ဆရာ/ဆရာမများစသည်တို့ကို အချိုးညီညီပြည့်ပြည့်စုံစုံရရှိရေးအတွက် ဆောင်ရွက်ပေးမယ်။

စီးပွားရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ပါတီမှ ထားရှိသော သဘောထားများကို တင်ပြပါမယ်။ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒအဖြစ် လက်ခံရပါမယ်။ ထိုကဲ့သို့ နိုင်ငံသားအသီးသီးတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာအထောက်အကူပြုမှာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးနဲ့ အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း နိုင်ငံခြားကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ အမြောက်အမြားလာရောက်ရင်းနှီးမြှုပ်နှံလိုသော သဘောဆန္ဒရှိအောင် ဆွဲဆောင်မှုရှိသော စီးပွားရေးမူဝါဒချမှတ်ရန် လိုအပ်ပါတယ်။ နိုင်ငံခြားဝင်ငွေရရှိရေးနှင့် ပြည်တွင်း ပြည်ပအလုပ်လက်မဲ့ပြဿနာတစ်စိတ်တစ်ပိုင်းဖြေရှင်းနိုင်ရေးအတွက် နိုင်ငံခြားသို့ အလုပ်သွားရောက်လုပ်ကိုင်ခွင့်ရရှိရေးကို စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသအလိုက်ရရှိနိုင်သော ကုန်ထုတ်လုပ်မှု စွမ်းအားစုကိုအခြေခံ၍ ဒေသအလိုက် စက်မှုလက်မှုလုပ်ငန်းများ တည်ဆောက်ခြင်းဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အချိုးညီညီတိုးတက်ဖွံ့ဖြိုးရေးကို ရရှိမှာဖြစ်ပါတယ်။

ပုဂ္ဂလိကစီးပွားရေးကို အဓိကမောင်းနှင်အားအဖြစ် အသုံးပြုမည်ဟု ကျွန်တော်တို့ပါတီမှ မူဝါဒထားရှိပါတယ်။ ကိုယ်ပိုင်စီးပွားရေးကို ထူထောင်ဦးစီးဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်များနဲ့ ယင်းစီးပွားရေးအဆောက်အအုံများကို ဝင်ရောက်လုပ်ကိုင်ကြမည့် လူငယ်များဟာ ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း၊ နိုင်ငံခြားသို့ ကုန်ချောပစ္စည်းများဖြန့်ဖြူးခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ဥပဒေနှင့်အညီ စက်ရုံများ၊ ကုမ္ပဏီများကို နိုင်ငံခြားကုမ္ပဏီလုပ်ငန်းများနှင့် ဖက်စပ်လုပ်ငန်းကို လုပ်ကိုင်ပြီး စက်ရုံအလုပ်ရုံများကို ပြည်တွင်းတွင် ထူထောင်ကာ စီးပွားရေးတွင် ကျွမ်းကျင်မှုရှိသူ ပညာရှင်များကို ခေါင်းဆောင်စေပြီး လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား နိုင်ငံတော်၏အချုပ်အခြာအာဏာစီးပွားရေးမူဝါဒကို မထိပါးသမျှကာလပတ်လုံး အမြဲတမ်းလက်ကမ်းကြိုဆိုပြီး နိုင်ငံတော်ပိုင်သို့မဟုတ် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းရှင်များနှင့် Joint Venture ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုသည် စီးပွားရေးတွင် ကျွမ်းကျင်မှုရှိသူများကိုသာ ခေါင်းဆောင်စေရန် လိုအပ်ပါတယ်။

**မိဘပြည်သူများခင်ဗျား.....**

လူမျိုးစုများအရေးနှင့်ပတ်သက်ပြီး ပြောရရင်ကျွန်တော်တို့မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူတစ်ဦးချင်းစီရဲ့ အခွင့်အရေးတွေကို တန်းတူညီမျှရစေပြီး ဥမကွဲသိုက်မပျက် ညီညွတ်စွာ ပူးပေါင်းနေထိုင်ရေးနဲ့ ပြည်နယ်ပြည်မ မခွဲခြားစေဘဲ တန်းတူပူးပေါင်းရေးမူအရ ပြည်ထောင်စုစစ်စစ်နိုင်ငံတော်ကို ထူထောင်ဖို့လိုပါတယ်။

မိမိတို့နိုင်ငံအနေဖြင့် မျက်မှောက်ကာလမှာ ဆယ်စုနှစ်များစွာ ခေတ်နောက်ကျကျန်နေခဲ့ရသည့် အခြေအနေကနေ ရုန်းထွက်နိုင်ဖို့ ကြိုးပမ်းနေရသလို စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုမဏ္ဍိုင်သို့ ရောက်ရှိအောင် အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုဆိုတာ မတူကွဲပြားမှုကိုအခြေခံပြီး အပြန်အလှန် အသိအမှတ်ပြုမှု၊ အပြန်အလှန် လေးစားမှု ကိုယ်ချင်းစာမှုများနှင့် ငြိမ်းချမ်းညီညွတ်စွာ အတူနေထိုင်ခြင်း ဖြစ်ပါတယ်။ စည်းလုံးညီညွတ်ခြင်းဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပင်မရေသောက်မြစ်ဖြစ်ပါတယ်။

တိုင်းပြည်အေးချမ်းသာယာရေး၊ စုစည်းခိုင်မာရေးနဲ့ လူ့အခွင့်အရေးအပြည့်အဝရရှိစေရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်၏ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်အလက်များကို တိကျစွာ လိုက်နာဖို့လိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့ အဓိကမဏ္ဍိုင်ကြီးသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့၏ လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တိကျစွာ သီးခြားစွာလုပ်ပိုင်ခွင့်ပေးရပါမယ်။ နိုင်ငံတော်ရဲ့ တရားစီရင်ရေးကဏ္ဍဟာ နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍရဲ့ လွှမ်းမိုးချယ်လှယ်မှုမှ လုံးဝလွတ်ကင်းစေဖို့ အထူးလိုအပ်ပါတယ်။

တိုင်းပြည်စီးပွားရေးတိုးတက်လာဖို့အတွက် တိုင်းပြည်မှာ နိုင်ငံရေးတည်ငြိမ်မှုရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးတည်ငြိမ်မှ စီးပွားရေးတိုးတက်ဖွံ့ဖြိုးနိုင်သလို စီးပွားရေးတိုးတက်မှလည်း နိုင်ငံရေးတည်ငြိမ်ပါလိမ့်မယ်။ စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်နေတဲ့ အနှစ်(၇၀)ကျော်လာပြီဖြစ်တဲ့ ပြည်တွင်းဆူပူသောင်းကျန်းမှု အကြမ်းဖက်မှုတွေကို ချုပ်ငြိမ်းဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီမိုကရေစီရွေးချယ်မှုနဲ့တက်လာတဲ့ အစိုးရဟာ ပြည်တွင်းငြိမ်းချမ်းရေးကို မရမနေကြိုးပမ်းရယူပြီး အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့အခြေအနေကို ဖန်တီးမယ်လို့ ကျွန်တော်တို့ပါတီမှ ခံယူပါတယ်။

ငြိမ်းချမ်းရေးဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှာ မရှိမဖြစ်လိုအပ်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ မရသေးတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းရမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ အနာဂတ်ခရီးစဉ်အတွင်း အတတ်နိုင်ဆုံး၊ အကောင်းဆုံးကြိုးပမ်းအားထုတ်ပြီး မျိုးဆက်သစ်များရဲ့ လက်ထဲကို ငြိမ်းချမ်းရေးအမွေအနှစ်တစ်ခု လက်ဆင့်ကမ်းနိုင်ရေးအတွက် ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

လူလူချင်းအရည်အချင်း၊ အစွမ်းအစ လုံ့လဝီရိယအရ လူတွေရဲ့ အဆင့်အတန်းဟာ ကွဲပြားခြားနားပါလိမ့်မယ်။ ဒါပေမယ့် လူအားလုံးရဲ့ မွေးရာပါအခွင့်အရေးတွေနဲ့ အခြေခံလူ့အခွင့်အရေးတွေမှာတော့ တူညီမှုတွေရှိနေရပါမယ်။ ဒီမိုကရေစီကျင့်စဉ်မှာ ဆင်းရဲချမ်းသာအနိမ့်အမြင့်ဆိုတဲ့ လူတန်းစားတွေရှိပေမယ့် နိုင်ငံတော်အကြီးအကဲတစ်ဦးနဲ့ လယ်သမားတစ်ဦးဟာ အခြေခံလူ့အခွင့်အရေးမှာ အလျှော့အတင်း မရှိရဘူး။ လူတစ်ဦးချင်းစီရဲ့ အခွင့်အရေးကို လေးစားမှုပြုရပါလိမ့်မယ်။

**မိဘပြည်သူများခင်ဗျား....**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာက ကျွန်တော်တို့အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက် လုပ်ငန်းစဉ်များကတော့ အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စစ်မှန်သော ဒီမိုကရေစီကိုအခြေခံတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖြစ်ထွန်းရေးအတွက် တိုင်းရင်းသား၊ နိုင်ငံသားအားလုံး သွေးစည်းညီညွတ်စွာနဲ့ အတူတကွ ကြိုးပမ်းသွားဖို့ လိုအပ်ပါတယ်။ မကြာမီ ကျင်းပမယ့် ရွေးကောက်ပွဲဟာလည်း လွတ်လပ်ပြီး တရားမျှတသော ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒနဲ့အညီ ဆောင်ရွက်တဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ ယုံကြည်ပါတယ်။

**“နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်။”** လို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဟာ နိုင်ငံသားများသာ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို မိမိတို့ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူထဲမှ ပြည်သူ့ကိုယ်စားလှယ်တွေကို ပြည်သူတို့ရဲ့ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြခြင်းဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ မိမိဆန္ဒနဲ့ ကိုက်ညီတဲ့ ကိုယ်စားလှယ်တစ်ဦးကိုမဲပေးခြင်းဟာ ပြည်သူတစ်ဦးရဲ့ ကိုယ်ပိုင်အခွင့်အရေးဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးရဲ့ တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ မဲတစ်ပြားရဲ့ တန်ဖိုးကို ကောင်းစွာအသုံးချတတ်ရန်နဲ့ မိမိရဲ့ဆန္ဒမဲကို ရိုးဖြောင့်စွာ အသုံးချရပါမယ်။

ကျွန်တော်တို့ပါတီရဲ့ သင်္ကေတကတော့ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးဖို့ အရေးကြီးဆုံး လိုအပ်ချက်နဲ့ ခေတ်မီတိုးတက်ဖွံ့ဖြိုးဖို့က ပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်တဲ့အတွက် **“စာအုပ်နဲ့ကလောင်”** ကို ရွေးချယ်ထားပါတယ်။

မိမိတို့ရဲ့ အသည်းကြားက မဲတစ်ပြားကို မိမိအတွက် တိုင်းပြည်အတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစတဲ့ ဘဝမျိုးကို ဆောင်ကြဉ်းပေးနိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်နိုင်ကြပါစေ။ နိုင်ငံရဲ့ အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ပေါက်ထွန်းကားဖို့ **“စာအုပ်နှင့်ကလောင်”** ကို ရွေးချယ်ကြပါစို့။

ပြည်ထောင်စုသားအပေါင်း ကျန်းမာရွှင်လန်းကြပါစေ။

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ


(ယမန်နေ့မှအဆက်)



နမူနာ - ၇
ကိုယ်စားလှယ်လောင်း အမည်အကွက်နှင့် မဲတံဆိပ်ပါ အကွက်နှစ်ခုကြားတွင် အမှန်ခြစ်ထားသော မဲလက်မှတ်



နမူနာ - ၈
မဲတံဆိပ်ပါအကွက် နှင့် ကွက်လပ်နှစ်ခုကြားတွင် အမှန်ခြစ်ထားသော မဲလက်မှတ်




နမူနာ - ၉
နှစ်ကြိမ်ထက်ပို၍ အမှန်ခြစ်ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာ အမှန်ခြစ်ထားသော မဲလက်မှတ်



နမူနာ - ၁၀
အမှန်ခြစ်ကို ဖောက်ထိုးခြစ်ထားသော မဲလက်မှတ်



နမူနာ - ၁၁
အမှန်ခြစ်ကို ဒိုင်ငယ်ဆင် ဖြစ်စေထားသော မဲလက်မှတ်




နမူနာ - ၁၂
တစ်ကြိမ်ထက်ပို၍ အမှန်ခြစ်ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာ အမှန်ခြစ်ထားသော မဲလက်မှတ်

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ★

★ စာမျက်နှာ ၁၈ မှ



မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ဒလမြို့အတွက် ရေချိုရေသန့် တစ်ရက်ရေဂါလန် ၃ ဒသမ ၃ သန်းရရှိမည့် စီမံကိန်းကို ဂျပန်အစိုးရလှူဒါန်းမှုဖြင့် ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့နေပြည်သူများအတွက် တွံတေးတူးမြောင်းမှတစ်ဆင့် ရေချိုရေသန့်သောက်သုံးရေ တစ်ရက်လျှင် ရေဂါလန် ၃ ဒသမ ၃ သန်းပေးဝေနိုင်မည့် ရေပေးဝေရေးစီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ၏လှူဒါန်းမှုဖြင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

"ရန်ကုန်မြစ်ရဲ့တစ်ဖက်ကမ်း ဒလမြို့ကို ရေပေးဖို့ဆိုတာက သူ့ကိုသီးသန့်လေးပေါ့လေ၊ ဒလမြို့အတွက်ဘက် တွံတေးမြို့နယ်အပိုင်ထဲမှာရန်ကုန်ပေါက်ကျေးရွာဆိုတာရှိတယ်။ အဲဒီမှာအဝီစိတွင်း ၁၃ တွင်းတူးပြီး ရေတွန်းစက်ကြီးတွေနဲ့ မြို့ပေါ်ကို ရေပေးဝေနေတာပါ။ နေ့စဉ် ရေဂါလန် ၁ ဒသမ ၁ သန်းပေးဝေနေတာပေ့ါ။ ဒါကိုပိုက်လိုင်းစနစ်နဲ့ပေးပြီး ပိုက်လိုင်းမရောက်နိုင်တဲ့နေရာတွေကို အုတ်ရေကန်စနစ်နဲ့ပေးတယ်။ အဝီစိတွင်းရဲ့အနေအထားကပျော်ဝင်နေတဲ့ ဓာတ်သတ္တုတွေရှိပြီး မြေအောက်ရေမှာက အငန်ဓာတ်ပါတယ်။ သံဓာတ်ပါတယ်။ ဒါကို ရေချိုရေသန့်ရအောင် ဂျပန်နိုင်ငံအစိုးရက အကူအညီပေးတဲ့အနေနဲ့ တွံတေးတူးမြောင်းကြီးကိုသန့်စင်ပြီး ရေသန့်ထုတ်ပေးမယ့် စီမံကိန်းတစ်ခုရှိတယ်။ ဒီစီမံကိန်းက ကန်ထရိုက်တာခေါ်ဖို့ စီမံကိန်းစတင်နေပါပြီ၊ ဂျပန်အစိုးရအနေနဲ့ ဂျပန်မှာပဲ ကန်ထရိုက်တာကို ခေါ်မှာပါ။ ဒါက ဂျပန်အစိုးရအနေနဲ့လှူတာပါ။ အဲဒီကနေစီမံကိန်းလုပ်ငန်းတွေဆောင်ရွက်ပြီး အားလုံးပြီးစီးသွားရင်တော့ ဒလမြို့နေ ပြည်သူတွေအတွက် ရေချိုရေသန့် တစ်ရက်ကို ရေဂါလန် ၃ ဒသမ ၃ သန်းပေးဝေနိုင်မှာပါ" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းစိုးက ပြောသည်။

ထိုစီမံကိန်းကို ယခု ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းစတင်ရန်ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ တွံတေးတူးမြောင်းဘေးတွင် ရေချိုရေသန့် ရရှိနိုင်သော စက်ရုံကြီးတစ်ခုတည်ဆောက်ပြီး ရေချိုရေသန့်များရရှိအောင် သန့်စင်ကာ ထိုမှတစ်ဆင့် ထွက်ရှိလာသော ရေချိုရေသန့်များကို ပိုက်လိုင်းကြီးများဖြင့်ဆက်သွယ်ကာ ဒလမြို့ပေါ်သို့ ပြန်လည်ပေးဝေသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာနမှ သိရသည်။

"စည်ပင်ပိုက်လိုင်းက မြို့ပေါ် ၂၄ ရပ်ကွက်ရှိပေမယ့် ရေမလုံလောက်တဲ့အတွက် ရေလျှောက်ချင်ပေမယ့် ရပ်ကွက်တိုင်းမရဘူး။ ကျွန်တော်တို့အုံကြီးအနောက်ရပ်ကွက်တို့၊ ၆ နံပါတ်ရပ်ကွက်တို့၊ ၁၁/၁၄ ရပ်ကွက်တို့ဆို တစ်အိမ်မှရေမရပါဘူး။ လမ်းမကြီးတွေကဖြတ်သွားတဲ့ ရပ်ကွက်တွေတော့ရတယ်။ လက်ရှိကျွန်တော်တို့က မိုးရေပဲအားထားရတာပါ။ ဒလပြည်သူ အများစုမှီခိုနေရတာက ရပ်ကွက်တိုင်းမှာရှိတဲ့ သောက်သုံးရေကန်တွေပေ့ါ၊ ဒါတွေကိုပဲ နှစ်ပေါင်းများစွာ မှီခိုနေရတာပါ။ မိုးရေက ဧပြီလောက်ထိ ရှိသေးတယ်။ ဒီနောက်ပိုင်းမိုးရေကုန်သွားတော့ ရေစုကန်တွေရေပြည့်အောင် ရန်ကုန်မြစ်ရေကို ကိုယ့်ရပ်ကွက်အစီအစဉ်နဲ့ ကိုယ်ဖြည့်ရတယ်။ နွေရာသီ ဖွန်လပိုင်းအစလောက်ဆိုရင် ဒီရေစုကန်တွေကနေ ရေရဖို့တန်းစီရတဲ့အခြေအနေဖြစ်လာပါတယ်"ဟု ဒလမြို့ ဒေသခံ ကိုဂျိမ်းက ပြောကြားသည်။

ဒလမြို့၌ လက်ရှိတွင် ရေများကိုပိုက်လိုင်းဖြင့်သွယ်ကာဖြန့်ဝေပေးနေပြီး ပိုက်လိုင်းမရောက်နိုင်သောနေရာများတွင် အုတ်ရေကန်များတူးဖော်ကာပေးခြင်း၊ အများသုံးအုတ်ရေကန်များမရောက်နိုင်သောနေရာများတွင် မိုးရေစုတွင်းများတူးဖော်ကာပေးဝေခြင်းတို့ကိုဆောင်ရွက်ပေးကြောင်းသိရသည်။

**မြင့်မောင်**





(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်လင်းသိန်း ဦးစီးအဖွဲ့က စက်တင်ဘာ ၁၃ ရက်တွင် သထုံမြို့ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

**ကြေးမုံ**

# ညောင်ရွှေမြို့နယ်၌ ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်စေရေး အသိပညာပေး ဟောပြော

**ညောင်ရွှေ စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်စေရေးအတွက် ကွင်းဆင်းအသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက် ၁၀ နာရီခွဲခန့်က ညောင်ရွှေမြို့နယ် လွယ်မွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ညောင်ရွှေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝေလင်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် အန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့နည်းပပျောက်စေရေး၊ ဘိန်းအစားထိုးသီးနှံများပြောင်းလဲစိုက်ပျိုးရေးအကြောင်းနှင့် မှုခင်းကျူးလွန်ရေးအကြောင်းများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ပြီး ညောင်ရွှေမြို့နယ် စံကားရဲကင်းမှူး ရဲအုပ်တင်မောင်အေးက မူးယစ်ဆေးဝါး ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးနှင့် ဒေသတွင်း မှုခင်းကျူးလွန်ရေးအကြောင်းများကို ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ လွယ်မွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**
**(ပြန်/ဆက်)**

# အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ သံသယလူနာများကို နှာခေါင်း၊ အာခေါင်တို့ဖတ်ယူခြင်း သင်တန်းပေး

**ရန်ကုန် စက်တင်ဘာ ၁၄**

အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်မာမာကြည် ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ သံသယလူနာများကို နှာခေါင်း၊ အာခေါင်တို့ဖတ်ယူခြင်း သင်တန်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဖျားနာကုအခမဲ့ဆေးခန်းများ (Fever Clinics) မှ တာဝန်ခံဆရာဝန်များနှင့် စေတနာ့ဝန်ထမ်းဆရာဝန်များအား သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

“သင်တန်းက လောလောဆယ် နှစ်ရက်သတ်မှတ်ထားတယ်။ တနင်္လာနဲ့ သောကြာ နှာခေါင်း၊ အာခေါင်တို့ဖတ်ယူမယ်ပေ့ါ။ ဒီတစ်ပတ်မှာတော့ လူနာများတဲ့အတွက် ဗုဒ္ဓဟူးနေ့ တစ်ရက်တိုးပြီးယူမယ်။ ဖျားနာကုအခမဲ့ဆေးခန်းတာဝန်ခံ ဆရာဝန်တွေ၊ စေတနာ့ဝန်ထမ်း ဆရာဝန်တွေအနေနဲ့ သင်တန်းယူမယ်ဆိုရင် အင်းစိန်ဖျားနာကုဆေးခန်း နှာခေါင်း၊ အာခေါင်တို့ဖတ်ယူတဲ့နေ့မှာ ပူးပေါင်းပြီးတော့ သင်တန်းယူလို့ရတယ်” ဟု Community Fever Clinic- Yangon Network တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

ဆေးရုံများ၏ အလုပ်ဝန်များ လျှော့ချနိုင်ရန်အတွက် ဆေးရုံတင်ရန် မလိုအပ်သည့် သံသယလူနာများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်ယူခြင်းများကို ပါမောက္ခ ဒေါ်မာမာကြည် ဦးဆောင်မှုဖြင့် အင်းစိန်ဖျားနာကုဆေးခန်း၌ ရှေ့ပြေးစီမံချက် စတင်ဆောင်ရွက်နေပြီး တိုင်းကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက ကျန်မြို့နယ်များရှိ ဖျားနာကုဆေးခန်းတွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသသူများပြားလာပြီး တစ်နေ့လျှင် ၃၀ နှင့် ၅၀ ကြားရှိကြောင်း၊ ထိုသို့လာရောက်ပြသသည့် လူဦးရေ သုံးပုံနှစ်ပုံခန့်သည် ကိုဗစ်သံသယလူနာများဖြစ်ပြီး ဖျားခြင်း၊ ချောင်းဆိုးခြင်း၊



အနံ့မရခြင်း၊ မောခြင်း၊ ဝမ်းလျှောခြင်း စသည့် လက္ခဏာများကို ခံစားရသူများဖြစ်ကြောင်း ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

"ဒီရက်ပိုင်းမှာ ဆေးခန်းလာပြတဲ့သူများတဲ့အတွက် ကျွန်တော်တို့က အဆင့်ခွဲလိုက်တယ်။ အသက်ကြီးပိုင်း၊ ရောဂါခံတစ်ခုခုရှိတဲ့သူဆိုရင် ဦးစားပေးအနေနဲ့ ဆေးရုံကို ပို့ပေးတယ်။ အသက်ငယ်တဲ့သူ ရောဂါလက္ခဏာ တစ်ခုလောက်ပဲ ပြတဲ့သူဆိုရင် ဆေးရုံနေရာလွတ်ရင် စီစဉ်ပေးမယ်။ လောလောဆယ်တော့ အိမ်ပြန်နား။ တကယ်လို့ ရောဂါလက္ခဏာ ဆိုးဆိုးရွားရွားခံစားရရင် ချက်ချင်းဆက်သွယ် ဆေးရုံပို့ပေးတယ်။ ဘာမှမဖြစ်ရင် အိမ်မှာပဲ စောင့်ကြည့်သဘောမျိုးထားတယ်"ဟု လက်ရှိဆောင်ရွက်နေမှု အခြေအနေကို ၎င်းက ပြောသည်။

လက်ရှိတွင် ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသသူ များပြားလာမှုကြောင့် ဆေးခန်းဖွင့်ရက် တိုးမြှင့်မှုများ ဆောင်ရွက်ခဲ့ပြီး ၎င်းဆေးခန်းများ၌ ရေရှည်လုပ်ကိုင်နိုင်ရန် စေတနာ့ဝန်ထမ်း လုပ်အားပေးများလည်း လိုအပ်လျက်ရှိကြောင်း၊ ထို့ပြင် အချို့ဆေးခန်းများ၌ ဆေးပစ္စည်း၊ ကာကွယ်ရေးပစ္စည်းများ လိုအပ်စပြုလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဖျားနာကုအခမဲ့ဆေးခန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ တွံတေး၊ ခရမ်း၊ သန်လျင် စသည့် မြို့နယ်များ၌ ဖွင့်လှစ်ထားပြီး လက်ရှိတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ခရမ်းမြို့နယ်များကို ယာယီပိတ်ထားကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-CFC-YN**

# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန်မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထားမိုးစပါးစိုက်ကေများ ပြည့်မီစွာရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်းကျန်ရှိ သိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသောတောင်သူလယ်သမားများနှင့် ပြည်သူများကလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအား လိုအပ်ချက်များ ကူညီဆောင်ရွက်ပေး



**နေပြည်တော် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစီဖြင့် တစ်နိုင်ငံလုံး၌ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း ဧကတစ်သိန်းစိုက်ပျိုးခဲ့ပြီး အဆိုပါစိုက်ကွင်းများ၌ မျိုးစေ့ထုတ်လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ညောင်ပင်သာအုပ်စု ရွှေဒါးကျကျေးရွာ တောင်သူဦးကြည်ခိုင်၏ ဆင်းသုခ (RS to Cs) မျိုးစေ့ထုတ်စိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

နည်းပညာပေး ကွင်းဆင်းရာတွင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဆူးလေကုန်းကွင်းကြီးကြပ်တာဝန်ခံ ဦးကျော်သူရထွန်းနှင့် ညောင်ပင်သာအုပ်စု ချောင်းမနားအုပ်စုကွင်း ကြီးကြပ်တာဝန်ခံ ဦးအောင်ကျော်သူတို့က ရွှေဒါးကျကျေးရွာ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းများတွင် ခာတ်မြေသြဇာအချိန်ကိုက် အချိုးကျသုံးစွဲရန်၊ မျိုးကွဲပယ်ခြင်း၊ ပိုးမွှားရောဂါကင်းထောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကို တောင်သူများအား နည်းပညာများ ပြောကြားသည်။

အလားတူ သဘာဝပိုးသတ်ဆေး၊ မှိုသတ်ဆေး ပြုလုပ်သုံးစွဲနည်းများ၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းများနှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်း နည်းများကို ဆွေးနွေးပြောကြားသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီများ လိုအပ်ပါက ဆက်သွယ်ရန် ဖုန်းနံပါတ်များနှင့် စိုက်ပျိုးရေး Call Center ဖုန်းနံပတ်များ၊ အွန်လိုင်းလိပ်စာများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဖျားနာကုအခမဲ့ဆေးခန်းများကို နေ့ရက်နှင့်အချိန် တိုးမြှင့်ကုသပေးမည်



**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဖျားနာကုအခမဲ့ဆေးခန်း Fever Clinic များကို ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ကိုဗစ်-၁၉ ရောဂါလူနာများကို ကုသမှုပေးရန်နှင့် ဖျားနာသည့်လူနာများကို ကုသမှုပေးရန်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသည့် လူနာဦးရေများပြားလာသည့်အပြင် ဖျားနာလူနာအများစုမှာ မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ထားသည့် Fever Clinic သို့ လာရောက်ပြသသည့် လူဦးရေ များပြားလာမှုကြောင့် Fever Clinic များကိုအချိန်နှင့်နေ့ရက် တိုးမြှင့်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း လူထုအခြေပြု ဖျားနာကုဆေးခန်းများကွန်ရက် (ရန်ကုန်)တာဝန်ခံဒေါက်တာ ကျော်မင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

ယခင်က ဖျားနာကုအခမဲ့ဆေးခန်းများတွင် လာရောက်ပြသသူဦးရေနည်းပါးမှုကြောင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) နှင့် ခရမ်းမြို့နယ်ရှိ ဖျားနာကုအခမဲ့ဆေးခန်းများကို ပိတ်ထားရသည်။ ယခုအခါ လာရောက်ပြသသူဦးရေ များပြားမှုကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဖျားနာကုအခမဲ့ဆေးခန်းအား နေ့စဉ်ဖွင့်လှစ်ထားပြီး ဆေးခန်းအချိန်ကိုလည်း တိုးမြှင့်ထားသည်။ မြို့နယ်အသီးသီးတွင် ဆေးခန်းဖွင့်လှစ်သည့်ရက် တိုးမြှင့်ဖွင့်လှစ်နိုင်ရန် အစီအစဉ်များရေးဆွဲလျက်ရှိကြောင်း သိရသည်။

ဖျားနာကုအခမဲ့ဆေးခန်းများကို အချိန်နှင့် နေ့ရက် တိုးမြှင့်ဖွင့်လှစ်ပါက ဆေးခန်းများတွင် ဆေးကုသမှုပေးမည့် ဆရာဝန်အင်အား၊ စေတနာ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းအင်အားတို့ လိုအပ်လာမည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းများကိုခေါ်ယူလျက်ရှိကြောင်း၊ ထို့ပြင် ဆေးခန်းတွင်အသုံးပြုမည့် ကျန်းမာရေးအကာအကွယ် အသုံးအဆောင်ပစ္စည်းများ လိုအပ်မည်ဖြစ်ပြီး အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းအင်အား အဓိကလိုအပ်ပြီး အကူအညီပေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယင်းဆေးခန်းများတွင် ဆေးကုသပေးမည့်ဆရာဝန်များရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ရေရှည်လက်တွဲ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ခံဒေါက်တာ ကျော်မင်းထွန်းက ဆက်လက်ပြောသည် ။

အဆိုပါ ဆေးခန်းများတွင် လာရောက်ပြသသည့် လူနာများတွင် ကိုဗစ်-၁၉ ရောဂါ လက္ခဏာသံသယရှိပါက လူနာတင်ယာဉ်ဖြင့် သက်ဆိုင်ရာဆေးရုံကြီးသို့ လွှဲပြောင်းပေးလျက်ရှိပြီး ဆေးခန်းကိုလည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

လူနာများအနေဖြင့် ဆေးခန်းများသို့မလာရောက်နိုင်ပါက မိမိတို့မြို့နယ်ရှိ ဆေးခန်းများသို့ ဖုန်းဖြင့်ဆက်သွယ်ပြီး မိမိတို့၏ရောဂါလက္ခဏာများကို ဆွေးနွေးတိုင်ပင်နိုင်ကြောင်း သိရသည်။

**သတင်း-အောင်သူရ**
**ဓာတ်ပုံ-ရာမည**

# တနိုင်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများအား ထောက်ပံ့

**တနိုင်း စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တနိုင်းမြို့နယ်အတွင်းရှိ အသက် ၆၀ မှ ၈၀ နှစ်အထိ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခြင်းကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီမှစတင်၍ KBC နှင့် RC Camp များတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့မှ သွားရောက်ထောက်ပံ့ခဲ့သည်။

ယင်းသို့ထောက်ပံ့ပေးအပ်ရာတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း စားဝတ်နေရေးပြေလည်စေရေးအတွက် ကချင်ပြည်နယ်လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တနိုင်းမြို့နယ်အတွင်းရှိ အသက် ၆၀ မှ ၈၀ နှစ်အထိ သက်ကြီးရွယ်အို ၅၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၆၈၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါထောက်ပံ့ငွေများကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် ဌာနဆိုင်ရာများက ကင်ဆားရာရပ်ကွက်ရှိ KBC Camp မှ သက်ကြီးရွယ်အို အမျိုးသားကိုးဦးနှင့် အမျိုးသမီးရှစ်ဦးတို့အတွက် ငွေကျပ် ၅၁၀၀၀၀ နှင့် RC Camp မှ သက်ကြီးရွယ်အို အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၃ ဦးအတွက် ငွေကျပ် ၁၁၇၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**

❖ **နေရပ်ပြန်မြန်မာသင်္ဘောသားမှ**

အဆိုပါ မြန်မာသင်္ဘောသား ၂၆ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသည့် MT. HAI XING သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန်စောသျှားဂေးထူးပါ သင်္ဘောသားခုနစ်ဦး ၊ M.V EVER ALLIANCE သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန်ဦးကျော်ထက်လင်းပါ သင်္ဘောသားသုံးဦး၊ MT. BUSAN HOPE သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန်ဦးစိုးမင်းထွန်းပါ သင်္ဘောသား၁၂ ဦးတို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများ ဖြစ်သည်။

မြန်မာသင်္ဘောသား ၂၆ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ကာ ကော့သောင်းမြို့နှင့်မြိတ်မြို့များတွင် ဟိုတယ်၌ ကန့်သတ်စောင့်ကြည့်ထားရှိပြီး ၎င်းတို့၏ နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများအား ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်း ၁၀၀၀၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်စေရန်အတွက် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သည့် အဝတ်ဖြင့်ချုပ်လုပ်ထားသော လူကြီးဝတ်နှာခေါင်းစည်း အခု ၅၀၀၀၀ နှင့်ကလေးဝတ်နှာခေါင်းစည်း ၅၀၀၀၀ စုစုပေါင်းအခု ၁၀၀၀၀၀ အား ယမန်နေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးမြတ်မင်းသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်(၂) ဦးဇော်အောင်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းတို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ လာရောက်လှူဒါန်းသည့် လူကြီးဝတ်နှာခေါင်းစည်း ၂၀၀၀ နှင့် ကလေးဝတ်နှာခေါင်းစည်း ၁၀၀၀ တို့အား လှိုင်သာယာမြို့နယ်အတွင်းရှိပရဟိတအဖွဲ့များ အသုံးပြုရန်အတွက်နှင့် မြို့နယ်ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် အသုံးပြုရန်အတွက် လူကြီးဝတ်နှာခေါင်းစည်းအခု ၄၀၀ နှင့် ကလေးဝတ်နှာခေါင်းစည်းအခု ၁၀၀ တို့အား တာဝန်ရှိသူများက ပြန်လည်လှူဒါန်းပေးအပ်ခဲ့သည်။

**မြသန္တာဝင်း (ပြန်/ဆက်)**

# လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ **မိုး/ဇလ**



# ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(သုဝဏ္ဏ)ကို ရောဝတီဖောင်ဒေးရှင်းက တည်ဆောက်ပေးနေ

**ရန်ကုန် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီလှူဒါန်းပေးလျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(သုဝဏ္ဏ)ကို အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)မြက်ခင်းတုလေ့ကျင့်ရေးကွင်း၌ တည်ဆောက်လျက်ရှိသည်။

**လူနာ ၄၀၀ ကျော်ထားရှိနိုင်**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ လူနာ ၄၀၀ ကျော်ထားရှိနိုင်မည့် ရောဂါကုသရေးဌာနကိုအကုန်အကျခံ တည်ဆောက်ပေးနေခြင်းဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းသည် စက်တင်ဘာ ၁၂ ရက်က စတင်တည်ဆောက်ခဲ့ပြီး ယခုရက်ပိုင်းအတွင်း ပြီးစီးမည်ဖြစ်သည်။

အဆိုပါ ရောဂါကုသရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသရေးဆိုင်ရာကိစ္စများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံဆောင်ရွက်မည်ဖြစ်ပြီး ယာယီအဆောက်အအုံများ တည်ဆောက်ခြင်း၊ လိုအပ်သည့်ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ကိုဗစ်လူနာများ၏ နေ့စဉ်အစားအသောက် ကုန်ကျစရိတ်များကို ရောဝတီဖောင်ဒေးရှင်းက ကျခံပေးမည်ဖြစ်သည်။

**ပံ့ပိုးလှူဒါန်း**

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် မတ်လကတည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ လိုအပ်သည်များ ပံ့ပိုးလှူဒါန်းပေးလျက်ရှိပြီး စောင့်ကြည့်လူနာများထားရှိရန် ကန့်သတ်စောင့်ကြည့်ရေးစခန်းများ စီစဉ်ပေးခြင်း၊ စောင့်ကြည့်လူနာများအတွက် နေ့စဉ်အစားအသောက်များ လှူဒါန်းပေးခြင်း၊ လိုအပ်သည့်နေရာများသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံနှင့် အခြားလိုအပ်မှုများအား လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် ဆက်လက်ကူညီလှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း - ရဲရင့်ရှိန်း**
**ဓာတ်ပုံ - ရောဝတီဖောင်ဒေးရှင်း**

# ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ဧည့်လမ်းညွှန်အသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များ နှာခေါင်းစည်းကမ်ပိန်းပြုလုပ်

**ကော့သောင်း စက်တင်ဘာ ၁၄**

ပြည်တွင်းကူးစက်မှုများမြင့်တက်လာနေသည့် ကိုဗစ်-၁၉ရောဂါ ကော့သောင်းမြို့တွင်ကူးစက်ပြန့်ပွားမှုမရှိစေရန် ကော့သောင်းခရိုင် ဧည့်လမ်းညွှန်အသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များ စုပေါင်းကာ ယနေ့ နံနက်ပိုင်းက မြို့နေပြည်သူများအား နှာခေါင်းစည်းများ လိုက်လံဝေငှပေးသည့် ကမ်ပိန်းလှုပ်ရှားမှု ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကျောင်းသား ကျောင်းသူတွေလည်း ပညာမသင်ကြရတော့ဘူး။ လုပ်ငန်းတော်တော်များများလည်း ရပ်ဆိုင်းကုန်တယ်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနေတဲ့ ကော့သောင်းမြို့မှာဆို ဆုံးရှုံးနစ်နာမှုတွေဖြစ်ကြရပါတယ်။ ခရီးသွားလုပ်ငန်းအပါအဝင် ဆက်စပ်နေတဲ့ လုပ်ငန်းတွေတော်တော်များများ ရပ်ဆိုင်းကုန်တယ်။ ဒါကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့လုပ်ငန်းရှင်တွေအနေနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေနဲ့အတူ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက်ချထားပါတယ်" ဟု ကော့သောင်းခရိုင် ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးသီဟစိုးက ပြောသည်။

ယနေ့လှုပ်ရှားမှုအဖြစ် ခရီးသွားလုပ်ငန်းရှင်များစုပေါင်းကာ ရောဂါထိန်းချုပ်ရေး မြို့နေပြည်သူများ ကျန်းမာရေးအသိသတိရှိကြရန်၊ ရောဂါကူးစက်မှုမဖြစ်ပွားရေး၊ အပြင်ထွက်ပါက ပါးစပ်နှာခေါင်းစည်းများတပ်ဆင်ကြရန်၊ လက်များကိုမကြာခဏဆေးကြောကြရန် ပညာပေးခြင်း စသည့် လုပ်ငန်းများကိုဆောင်ရွက်ခြင်းအပြင် လမ်းသွားလမ်းလာများကို နှာခေါင်းစည်း ၁၂၀၀ ကျော်ခန့်အား လှုပ်ရှားမှုကမ်ပိန်းအသွင်ဖြင့် ဝေငှတပ်ဆင်ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**





# ဒလမြို့နယ်ရှိ သင်္ဘောဆိပ်နှင့် ကားဂိတ်များ၌ ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို ပြည်သူများ စနစ်တကျလိုက်နာစေရေး ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက ဒလမြို့နယ် သင်္ဘောဆိပ်နှင့် ကားဂိတ်တို့တွင် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများဝတ်ဆင်စေရေးအတွက် နှာခေါင်းစည်းများကို အခမဲ့ပေးဝေခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၏ လမ်းညွှန်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရန်ကုန်မြို့သို့ သွားလာကြမည့် ခရီးသွားပြည်သူများ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်း ကားဂိတ်များရှိ ယာဉ်မောင်းသူများနှင့် ခရီးသည်များအား နှာခေါင်းစည်း ၅၀၀၀ ကို အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# မိတ္ထီလာမြို့၌ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရန် ကုန်တင်ယာဉ်များကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုလျက်ရှိ

**မိတ္ထီလာ စက်တင်ဘာ ၁၄**

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ အတည်ပြုလူနာများ တွေ့ရှိလာပြီးနောက် စက်တင်ဘာ ၁၀ ရက်မှစတင်၍ ခရီးသည်တင်ယာဉ်လိုင်းများပြေးဆွဲခြင်းကို ယာယီရပ်နားထားသော်လည်း မြို့နယ်အတွင်း ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရန် ကုန်တင်ယာဉ်များကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကုန်တင်ယာဉ်များကို ခွင့်ပြုပေးသော်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များမှ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များမှအပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်လာသော ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များကို ယာဉ်ဝင်/ထွက်စစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဝင်ရောက်လာသော ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များဖြင့် ကုန်ပစ္စည်းတင်ဆောင်ပြီး မောင်းနှင်လာသော ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များကို မန္တလေးတိုင်းဒေသကြီးအတွင်းမှ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များဖြင့် လဲလှယ်မောင်းနှင်ရန်နှင့် မိတ္ထီလာမြို့နယ်အတွင်း ဖြတ်သန်းသွားလာသည့် ကုန်တင်ယာဉ်များ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အမြန်လမ်း သီးကုန်း စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၁၃ ရက်မှစတင်၍ အဖွဲ့ကိုးဖွဲ့ဖြင့် ၂၄ နာရီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# အထက်ချင်းတွင်းဒေသနှင့် နာဂတောင်တန်းဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး ချင်းတွင်းတံတားများတည်ဆောက်ပေးထား

ကိုတင့်(မြို့ပြအင်ဂျင်နီယာ)


သာလွန်ဝတီမြစ်ခေါ် ချင်းတွင်းမြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်၏ အကြီးဆုံးသော မြစ်လက်တက်ဖြစ်သည်။ ချင်းတွင်းမြစ်သည် ကချင်ပြည်နယ်၏ ကျယ်ဝန်းသည့် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်တွင် မြစ်ဖျားခံပြီး တနိုင်း၊ တဝမ်၊ တရွန်မြစ်များစုဆုံ၍ ဖြစ်ပေါ်လာပါသည်။ မြောက်မှတောင်သို့ စီးဆင်းသည့် ချင်းတွင်းမြစ်သည် မိုင်ပေါင်း ၇၅၀ ရှည်လျားကာ မြန်မာနိုင်ငံ၏ အဓိက မြစ်ကြီးဖြစ်သည့် ဧရာဝတီမြစ်အတွင်းသို့ မြင်းခြံမြို့အနီးတွင် စီးဝင်ပါသည်။ မြန်မာနိုင်ငံ၏ နာမည်ကျော် ကျောက်စိမ်းတွင်းများသည်လည်း ဥရုချောင်းဖျားနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသများတွင် တည်ရှိနေကြသည်။

ထူးခြားသည့်အချက်မှာ ချင်းတွင်းမြစ်သည် ထမံသီဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်း ကျားဘေးမဲ့တောတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ကျားဘေးမဲ့တောသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကျားဘေးမဲ့တောလည်း ဖြစ်သည်။ ထို့အပြင် အခြားသားရဲတိရစ္ဆာန်များဖြစ်သည့် ရှားပါးပျောက်ကွယ်တော့မည့် မျိုးစိတ်များ၊ ကျားများ၊ ဆင်များနှင့် မြန်မာနိုင်ငံတွင်သာရှိသည့် အခွံမာလိပ်မျိုးများနေထိုင်ရာ ဒေသတစ်ခု ဖြစ်သည်။

ကချင်ပြည်နယ် ဖားကန့်ဒေသမှ စီးဆင်းလာသည့် ဥရုချောင်းသည် ဟုမ္မလင်းမြို့အနီးတွင် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည်။ ကလေးဝလွင်ပြင်ကို ဖြတ်သန်းလာသည့် မြစ်သာမြစ်က ကလေးဝမြို့အနီးတွင် ချင်းတွင်းမြစ်အတွင်းသို့ ပေါင်း၍ စီးဝင်သည်။ ချင်းတွင်းမြစ်သည် ကလေးဝမြို့မှ မုံရွာမြို့သို့ ဆက်လက်စီးဆင်းကာ ပခုက္ကူမြို့အထက်ဘက် ရေစကြိုမြို့နှင့် မြင်းခြံမြို့အနီးတွင် ဧရာဝတီမြစ်ထဲသို့ ပေါင်းစည်းဝင်ရောက်ပါသည်။

**ချင်းတွင်းတံတား(ဆင်ဖြူရှင်တံတား)နှင့် ချင်းတွင်းတံတား(မုံရွာ)**

ချင်းတွင်းမြစ်တွင် ပထမဆုံး တည်ဆောက်ခဲ့သော တံတားမှာ ဆင်ဖြူရှင်တံတား ဖြစ်ပါသည်။ ချောင်းဦး-ရေစကြို-ပခုက္ကူကားလမ်းပေါ်တွင် တည်ရှိပြီး




မီးရထားလမ်းနှင့် ကားလမ်းပါဝင်သော တံတားကြီး ဖြစ်ပါသည်။ ဆင်ဖြူရှင်တံတားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ကားလမ်းရော မီးရထားလမ်းပါ ဆက်သွယ်ပေးသော အရေးပါသည့် တံတားကြီးဖြစ်သည်။ တံတားကြီး အရှည်မှာ ၄၉၇၅ ပေရှိပြီး ၁၈-၉-၁၉၉၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

ချင်းတွင်းမြစ်ကို ဖြတ်သန်းတည်ဆောက်ပြီး ဒုတိယမြောက်ဖွင့်လှစ်ခဲ့သော တံတားမှာ ချင်းတွင်းတံတား (မုံရွာ) ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့ကို ဆက်သွယ်ပေးသော မုံရွာ- ယာကြီး-ကလေးဝလမ်းပေါ်တွင်ရှိပြီး မုံရွာမြို့အနီးတွင် တည်ဆောက်ထားသည်။ ဤတံတားကြီးပေါ်မှ ဖြတ်သန်း၍ ပုသိမ်-မုံရွာလမ်းမကြီးနှင့် မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းမကြီးတို့ကို သွားရောက်နိုင်ပါသည်။ မုံရွာမြို့အနီး ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများ ဖြစ်သော ညောင်ပင်ကြီး၊ အောင်ဇေယျမြို့သစ်များနှင့် ဆက်သွယ်ရာတွင် အရေးပါသော တံတားကြီး တစ်စင်း ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်တွင် မုံရွာ-ယာကြီး-ကလေးဝလမ်းနှင့်အတူ ၇-၄-၂၀၀၃ ရက်နေ့တွင် ချင်းတွင်းတံတား(မုံရွာ)ကို ဖွင့်လှစ်ခဲ့သည်။ တံတားအရှည်ပေ ၄၇၃၀ ရှိပြီး နှစ်လမ်းသွား ကားလမ်း သံမဏိသံပေါင် အမျိုးအစားတံတားကြီး ဖြစ်ကြောင်း သိရှိရပါသည်။

**ချင်းတွင်းတံတား(ကလေးဝ)**

ချင်းတွင်းတံတား(ကလေးဝ) သည် ချင်းတွင်းတံတား (မုံရွာ)၏ အထက်ဘက် ကလေးဝမြို့အနီး ရေဦး-ကလေးဝလမ်း မိုင်တိုင် (၁၀၄/၆)တွင် တည်ရှိပါသည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းတွင် ရှိသော ကလေးဝ-မော်လိုက်လမ်း၊ ကလေးဝ-ကျီကုန်း-တမူးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်း တို့နှင့် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ ကလေးဝ-ရေဦးလမ်းတို့နှင့် ချိတ်ဆက်ရာတွင် အရေးပါသော တံတားဖြစ်သည်။ တရုတ်-မြန်မာ-အိန္ဒိယ သုံးနိုင်ငံ ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ တံတားတစ်စင်းလည်း ဖြစ်သည်။ နှစ်လမ်းသွားကားလမ်း သံမဏိ သံပေါင်အမျိုးအစားတံတားဖြစ်ပြီး တံတား အရှည်မှာ ၂၈၀၅ ပေရှိသည်။ ၂-၄-၂၀၁၇ ရက်နေ့တွင် ချင်းတွင်းတံတား(ကလေးဝ)ကို ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။

**ချင်းတွင်းတံတား(ဟုမ္မလင်း)**

ချင်းတွင်းတံတား(ဟုမ္မလင်း) သည် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင်(၁၉၉/၄) ဟုမ္မလင်းမြို့ အနီးတွင် တည်ရှိပါသည်။ မြစ်အရှေ့ဘက် ကမ်းရှိ ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကတ်သာကျေးရွာတို့ကို ဆက်သွယ် ပေးထားသည်။ ဟုမ္မလင်းမြို့မှ ဟုမ္မလင်းတံတားကို ဖြတ်သန်းပြီး အောင်ဇေယျ-ကတ်သာလမ်းမှ တမူးမြို့ အိန္ဒိယနယ်စပ်အထိ သွားနိုင်ပြီဖြစ်ပါသည်။ ချင်းတွင်းတံတား (ဟုမ္မလင်း)မှာ သံမဏိ သံပေါင်အမျိုးအစား နှစ်လမ်းသွား ကားလမ်း တံတားဖြစ်သည်။ ၁၄-၁-၂၀၀၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး တံတားအရှည်မှာ ၂၇၆၃ ပေ ရှိပါသည်။

**ချင်းတွင်းတံတား(ခန္တီး)**

ချင်းတွင်းတံတား(ခန္တီး)သည် ချင်းတွင်းမြစ်အထက်ပိုင်းတွင် တည်ရှိပါသည်။ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း သက္ကယ်ကျင်း-ဖောင်းပြင် - ဟုမ္မလင်း- ခန္တီးလမ်း မိုင်တိုင် (၃၃၀/၀)မှ ချဉ်းကပ်လမ်းစတင်၍ ခန္တီးမြို့ မြစ်တစ်ဖက်ကမ်း ဆင်သေရွာမှ ဆင်သေ-လဟယ်လမ်း မိုင်(၃/၅)သို့ ဆက်သွယ်ထားပါသည်။ ခန္တီးမြို့မှ နာဂ တောင်တန်းဒေသသို့ ဆက်သွယ်ရာတွင် အရေးပါသောတံတားကြီး ဖြစ်သည်။

စာမျက်နှာ ၂၃ သို့

**ထူးခြားသည့်အချက်မှာ ချင်းတွင်းမြစ်သည် ထမံသီဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်း ကျားဘေးမဲ့တောတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ကျားဘေးမဲ့တောသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကျားဘေးမဲ့တောလည်း ဖြစ်သည်။ ထို့အပြင် အခြားသားရဲတိရစ္ဆာန်များဖြစ်သည့် ရှားပါးပျောက်ကွယ်တော့မည့် မျိုးစိတ်များ၊ ကျားများ၊ ဆင်များနှင့် မြန်မာနိုင်ငံတွင်သာရှိသည့် အခွံမာလိပ်မျိုးများ နေထိုင်ရာ ဒေသတစ်ခု ဖြစ်သည်။**




၁၉၉၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဆင်ဖြူရှင်တံတားကို တွေ့ရစဉ်။




၂၀၁၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ချင်းတွင်းတံတား (ခန္တီး)ကို တွေ့ရစဉ်။

❍ စာမျက်နှာ ၂၂ မှ

တံတားအမျိုးအစားမှာ သံမဏိသံပေါင် အမျိုးအစား နှစ်လမ်းသွားကားလမ်းဖြစ်ပြီး တံတားအရှည်မှာ ၂၆၅၆ ပေ ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းတည်ဆောက်ခဲ့သော တံတားကြီးဖြစ်သည်။ ချင်းတွင်းတံတား (ခန္တီး)ကို ၈-၄-၂၀၁၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

**အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သော ချင်းတွင်းတံတား(ထမံသီ)**

ချင်းတွင်းတံတား (ထမံသီ)သည် ချင်းတွင်းတံတား (ခန္တီး)နှင့် ဟုမ္မလင်းတံတားကြားတွင် တည်ရှိသည်။ သက္ကယ်ကျင်း- ဖောင်းပြင်- ဟုမ္မလင်း- ခန္တီးလမ်း မိုင်တိုင်(၂၄၇/၅)မှ ထမံသီမြို့သို့ ချင်းတွင်းမြစ်ကိုကူးဖြတ်ပြီး တံတားထိုးရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။ ဟုမ္မလင်းမြို့မှ ထမံသီတံတားကိုဖြတ်သန်း၍ နာဂဒေသ လေရှီးမြို့သို့ တိုက်ရိုက်သွားရောက်နိုင်တော့မည် ဖြစ်သည်။ ချင်းတွင်းတံတား (ထမံသီ) တည်ဆောက်ပြီးစီးသွားပါက အထက်ချင်းတွင်း ထမံသီဒေသနှင့် နာဂတောင်တန်း လေရှီး၊ ဆွမ္မရာဒေသရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

**နာဂတောင်တန်းဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ချင်းတွင်းမြစ်ကူး တံတားများ တည်ဆောက်ပေး**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ချင်းတွင်းဒေသရှိ နာဂတောင်တန်းဒေသများမှာ ယခင်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခဲ့ပါသည်။ ယခုအခါ ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်းရှိ သက္ကယ်ကျင်း- ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမှ ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းရှိ နာဂတောင်တန်းဒေသများသို့ သွားရောက်နိုင်ပြီဖြစ်သည်။ ချင်းတွင်းတံတား (ဟုမ္မလင်း) ကို ဖြတ်သန်းပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ် တမူးမြို့သို့ အောင်ဇေယျ- ကတ်သာလမ်းမှ သွားလာနိုင်ပါပြီ။ ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်ပြီးစီးပါက ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်းရှိ ဟုမ္မလင်း၊ ခန္တီး ဒေသများနှင့် ထမံသီ-လေရှီး-ဆွမ္မရာလမ်းမှ နာဂတောင်တန်းဒေသများသို့ ကားလမ်းခရီးဖြင့် သွားရောက်နိုင်တော့မည် ဖြစ်သည်။ ချင်းတွင်းတံတားများ (ခန္တီး၊ ဟုမ္မလင်း၊ ထမံသီ) တို့ တည်ဆောက်ပေးခြင်းဖြင့် အထက်ချင်းတွင်းဒေသရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ရာ နာဂတောင်တန်းဒေသများဖြစ်သော လေရှီး၊ ခန္တီး၊ လဟယ်၊ နန်းယွန်းဒေသများရှိ ဒေသခံတိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာတော့မည်ဖြစ်ကြောင်း ရေးသား လိုက်ရပါသည်။ ။




၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ချင်းတွင်းတံတား(ကလေးဝ)ကို တွေ့ရစဉ်။


**ချင်းတွင်းတံတားများ (ခန္တီး၊ ဟုမ္မလင်း၊ ထမံသီ)တို့ တည်ဆောက်ပေးခြင်းဖြင့် အထက်ချင်းတွင်းဒေသရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ရာ နာဂတောင်တန်းဒေသများဖြစ်သော လေရှီး၊ ခန္တီး၊ လဟယ်၊ နန်းယွန်းဒေသများရှိ ဒေသခံတိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာတော့မည်**




၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ချင်းတွင်းတံတား(ဟုမ္မလင်း)ကို တွေ့ရစဉ်။



၂၀၀၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ချင်းတွင်းတံတား(မုံရွာ)ကို တွေ့ရစဉ်။



ထပ်မံတည်ဆောက်မည့် ချင်းတွင်းတံတား(ထမံသီ) ပုံစံကို တွေ့ရစဉ်။

# ညောင်ရွှေမြို့နယ်၌ ငါးသားပေါက်များ နေရာအရောက် ဖြန့်ဖြူးပေးအပ်

**ညောင်ရွှေ စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ကာလအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ (CERP) စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်အရ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညောင်ရွှေမြို့နယ်အတွင်းရှိ ထောက်ပံ့ပေးအပ်ရန်ကျန်ရှိနေသေးသည့် ငါးမွေးတောင်သူများအား ၎င်းတို့၏ နေရာအရောက် ဖြန့်ဖြူးပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဦးကျော်သီဟထွေးနှင့် တာဝန်ရှိသူများက ညောင်ရွှေမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများ၏ နေရာအရောက် သွားရောက်၍ ငါးမွေးမြူရေး တောင်သူ ၂၈ ဦး၏ ငါးမွေးမြူရေးဧကစုစုပေါင်း ၁၇၅ ဒသမ ၁၁ ဧကအတွက် ငါးမြစ်ချင်းသားပေါက်၊ ငါးခုံးမသားပေါက်၊ ရွှေဝါငါးကြင်းသားပေါက်၊ မြက်စားငါးကြင်းသားပေါက် စုစုပေါင်းငါးသားပေါက်ကောင်ရေ ၃၅၀၂၂၀ အား ဖြန့်ဖြူးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


KBZ MS
General Insurance
ယုံကြည်အားထား အာမခံစွမ်းအား
အာရောဂျ Customer များအတွက်
သတင်းကောင်း
ဆေးရုံတက်ရောက်ကုသခြင်း
COVID-19 အတွက်
အခမဲ့
၁၀၀%
အပိုအာမခံ
အကာအကွယ်
ဆေးခန်းပြသခြင်း
အသက်ဆုံးရှုံးခြင်း
မိတ်ဟောင်းမိတ်သစ် များအားလုံး
KBZ MS တွင် အာရောဂျ ကျန်းမာရေးအာမခံ
ဝယ်ယူပြီး COVID-19 ရောဂါအတွက် ၁၀၀%
အပိုအာမခံအကာအကွယ်ကိုရယူလိုက်ပါ။
From 14th September
to 13th December
HOT LINE: 09 - 95 007 7000
www.facebook.com/kbzms

## ကျေးဇူးတင်လွှာ

**ဦးဝေဖြိုးအောင် (အသက်-၄၁)နှစ်**

(၆-၉-၂၀၂၀) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး (၈-၉-၂၀၂၀)ရက်နေ့တွင် ရေဝေး၌ ဂူသွင်းသဂြိုဟ်ခဲ့ပြီးသော ဦးဝေဖြိုးအောင် (အသက် ၄၁ နှစ်)၏ ဆေးရုံတက်ရောက်ကုစဉ် ကျန်းမာရေး ကူညီစောင့်ရှောက်ကုသပေးခဲ့သော ဂျပန်ဆေးရုံမှ ဆရာဝန်/မများ၊ ကုသရေးအတွက် အားပေးကူညီ အကြံဉာဏ်ပေးပါသော အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်သွင်၊ အစ်မများ ဖြစ်ကြသော ဒေါက်တာ သင်းသင်းသွယ်၊ ဒေါက်တာညိုညိုဝါနှင့် နာမကျန်းစဉ် စေတနာအပြည့်ဖြင့် အနီးကပ် ပြုစုစောင့်ရှောက်ပေးခဲ့ကြသူများအား လည်းကောင်း၊ နာရေးကိစ္စအရပ်ရပ်တွင် အဘက်ဘက်မှ ပံ့ပိုးကူညီပေးသော ဗဟန်းမြို့မရပ်ကွက်၊ တူညီစိတ်ထားရွှေလက်များ လူမှုကူညီရေး အခမဲ့ နာရေးကူညီမှုအသင်းအား လည်းကောင်း၊ ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင် ကူညီဆောင်ရွက်ပေးကြသော ရပ်နီးရပ်ဝေးမှ ပုဂ္ဂိုလ်များ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ ဒဂုံ(၁)မှ သူငယ်ချင်းများ၊ လူမှုကွန်ရက်မှ သူငယ်ချင်းများအားလည်းကောင်း၊ ရက်လည်ဆွမ်းအတွက် ကူညီပံ့ပိုးပေးပါသော ခနဲ့ဖြူ ဒေါ်စောရီမှ မမို့မို့အားလည်းကောင်း၊ ရည်စူးအလှူအား လှူဒါန်းပေးကြသော သူငယ်ချင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ လှူဖွယ်ပစ္စည်းများ ပေးပို့ပေးပါသော ဆွေမျိုး မိတ်ဆွေသူငယ်ချင်းများအား လည်းကောင်း၊ နာရေးသတင်းသိပြီးနောက် လူမှုကွန်ရက်၊ ဖုန်းတို့မှ သတင်းမေးမြန်း အားပေးနှစ်သိမ့်စကားပြောကြားပေးကြသော ဒဂုံ (၁)မှ အငြိမ်းစား ဆရာ/မကြီးများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ မိတ်ဆွေ သူငယ်ချင်းများအား လည်းကောင်း၊ ဈာပန အခမ်းအနား ကျင်းပပြီးစီးသည်အထိ ကိစ္စအရပ်ရပ်တို့၌ အဘက်ဘက်မှ လိုလေသေး မရှိအောင် မေတ္တာ အပြည့်ဖြင့် ဝိုင်းဝန်းကူညီပံ့ပိုး စီစဉ်ဆောင်ရွက်ပေးကြသူများ အားလုံးနှင့် အခြား ကျေးဇူးတင်ထိုက်သူများအားလုံးကို နွေးထွေးလှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြောင်းသဝဏ်လွှာ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး**

**ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ညွန့်ကြည်(ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်)**

**အသက်(၇၄)နှစ်**

အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ သာသနာ့ဒါယိကာမကြီး ဒေါ်ညွန့်ညွန့်သည် ၁၃-၉-၂၀၂၀ရက် နံနက် ၈:၃၀နာရီတွင် ကွယ်လွန် ကြောင်း ကြားသိရပါသည်။

ကြားသိရသည်နှင့်တစ်ပြိုင်နက် သာသနာတော်အတွက် လိုအပ်သည့်နေရာတိုင်း အဘက်ဘက်မှ ထောက်ပံ့လှူဒါန်းပေးနေသော သာသနာ့ဒါယိကာမကြီးတစ်ဦး ဆုံးရှုံးရပြီဟု နှမျောတသ ကြေကွဲဝမ်းနည်းဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ သာသနာတော်အတွက်၊ မိသားစုအတွက် အားကိုးအားထားပြုရသော သာသနာ့ကျေးဇူးရှင်၊ မိသားစုများ၏ကျေးဇူးရှင် ကွယ်လွန်သွားသည့်အတွက် သိမ်တောင်လောကမိခင် ဓမ္မစကူးလ် ဦးဆောင်ဆရာတော်များ၊ ဓမ္မစကူးလ်ကော်မတီများနှင့် ဆရာ၊ ဆရာမများမှ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းနှမြောတသဖြစ်ရပါသည်။

သာသနာ့ကျေးဇူးရှင်ဒါယိကာမကြီး ကောင်းရာသုဂတိရောက်ပါစေ---

**ဦးဝါသဝ**
**ဦးဆောင်ဆရာတော်**
**သိမ်တောင်လောကမိခင်ဓမ္မစကူးလ်**
**ကလောမြို့၊**
**ရှမ်းပြည်တောင်ပိုင်း**

## ဦးအောင်သက်

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ (ဦးလှစိန်)-ဒေါ် သင်းအေးတို့၏သားကြီး၊(ဦးအောင်လှိုင်- ဒေါ်သန်းသန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မာလာလမ်း၊ အမှတ်(၄၃/၄၅)၊ ပထမထပ်နေ ဒေါ်စန်းစန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးသက်ထူးအောင်-မအိအိခိုင်၊ ဦးလင်းအောင်မြတ်တို့၏ဖခင်၊ မောင်သုတထူးနိုင်၊ မခင်ဖူးဖူးသော်တို့၏အဘိုး ဦးအောင်သက်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တစ်ဆင့် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်သန်း(ဗန်းမော်)**

**အသက်(၈၉)နှစ်**

1979 စီးပွားရေးတက္ကသိုလ်မှ သူငယ်ချင်းဒေါ်နုနု၏မိခင်ကြီးသည် ၁၂-၉-၂၀၂၀ (စနေနေ့) နံနက် ၃:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**၁၉၇၉ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ**
**သူငယ်ချင်းများ**


'အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်'

၁။အမှတ်(၃)လမ်းမနှင့်လမ်းမကျယ်ထောင့်(၁၅၀+၂၈၀)ပေအကျယ်ရှိ (၃၅၅၀၀-စတုရန်းပေ) မြေ (၁-စတုရန်းပေ) (၉)သောင်းကျပ်
၂။သဃ်္ဃန်းကျွန်း၊သုဝဏ္ဏဗိုလ်ချုပ်ရွာ(၁) (၇၀×၇၀) ပေ အကျယ်ရှိ (လမ်းကျယ်၊လမ်းမ) မြေ ဈေးနှုန်း- ၆၃၀၀သိန်း
၃။မရမ်းကုန်း၊ (၇)မိုင်၊ ၆၀၀၀-စတုရန်းပေအကျယ်ရှိ ပြည်လမ်းမအနီး (ဂရန်) မြေ ဈေးနှုန်း- ၆၀၀၀သိန်း
၄။တောင်ဥက္ကလာ၊သံသုမာလမ်းမပေါ် (၄၀×၆၀) ပေ အကျယ်ရှိ (စီးပွားရေးလုပ်ရန်ကောင်း) မြေ ဈေးနှုန်း- ၅၆၀၀သိန်း
၅။သဃ်္ဃန်းကျွန်း၊သုဝဏ္ဏဗိုလ်ချုပ်ရွာ (၃၃×၇၃) ပေ အကျယ်ရှိ (ILBC အနီး) မြေ ဈေးနှုန်း- ၂၁၀၀သိန်း
၆။ပဟန်း၊ရွှေဂုံတိုင်လမ်းမပေါ် Delta Plaza, ၁၆၅၀- စတုရန်းပေ အကျယ်ရှိMBR-1,BR-2 (ပြင်ပြီး) ဈေးနှုန်း-၁၅၅၀သိန်း

09-422888852, 09-422888853, 09-422888854, 09-5080073


## အထူးနှမ်းလျကြေကွဲ ဝမ်းနည်းခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး**

**ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ညွန့်ကြည်(ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်)**

**အသက်(၇၄)နှစ်**

အသက်စည်းစိမ် ခန္ဓာအိမ်အား တိမ်တခဲနက် ကြည့်ရင်းပျက်သို့ မျက်စိအောက်တွင် လွင့်ပျောက်စင်၏ သင်္ခါရစက် သူ့ပိုင်နက်တွင် သွက်သွက်လည်ခါ ပါရရှာသည် သူငါမရဏ ရှောင်မရဟူသော သံဝေဂဆုံးမစာနှင့်အညီ-

သာသနာတော်ဆိုင်ရာ ကောင်းမှုအလီလီ ကုသိုလ်အမျိုးမျိုးကို လှူဒါန်းခြင်းဖြင့် ဒါနစာဂီ ပါရမီကို ဆည်းပူးဖြည့်ကျင့်လျက်ရှိသော ဒေါ်ညွန့်ညွန့် (ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်) အမှတ်-၅၉၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်သည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရာ ဇာတိချက်ကြွေ မွေးရပ်မြေရှိ ကလောမြို့၊ သိမ်တောင်ဂေါပကအဖွဲ့ကြီးမှ ဝမ်းနည်းစွာဖြင့် သံဝေဂယူလျက် ဒေါ်ညွန့်ညွန့် ကောင်းရာသုဂတိ လားရောက်နိုင်ပါစေကြောင်း ဆုတောင်းကြပါသည်။

**သိမ်တောင် ဂေါပက လူကြီးမင်းများ**
**ကလောမြို့**


'ညှိနှိုင်းဈေးဖြင့် ကွန်ဒိုအမြန်ရောင်းမည်'

၁။ရန်ကင်း၊ The Central Condo (1012-Sqft)
BR-2, အလှ္ဘာမြင့်၊ Inya View (ပြင်ပြီး) 4000-L
၂။လှိုင်၊ Lamin Luxury Condo (2000-Sqft)
MBR-3,အင်ယားကန်အနီး (ပြင်ပြီး) 3200-L
၃။ရန်ကင်း၊ Golden City Condo (1243-Sqft)
BR-2 (ဈေးနှုန်းသင့်) (ပြင်ပြီး) 2950-L
၄။လှိုင်၊ G.E.M.S Condo (1505-Sqft)
MBR-2,BR-1 (ဈေးနှုန်းသင့်)(ပြင်ပြီး) 2780-L
၅။အလုံ၊ 99-Residence (1750-Sqft)
MBR-3 (နှင်းဆီကုန်းလမ်း) (ပြင်ပြီး) 2550-L
၆။သန်လျင်၊ Star City Condo (905-Sqft)
MBR-1,BR-1 (ဈေးနှုန်းသင့်) 950-L

09-422888894,09-422888893,09-422888892


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၃၇၃၊ အကျယ် (၄၀' x ၆၀')၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ကြင်ကြင်သန်း [၁၂/သဃက(နိုင်)၀၈၆၁၄၈]အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၂၆-၈-၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်အရ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်သီတာဝင်း [၁၂/ဥကမ(နိုင်)၁၇၀၈၀၅]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်မင်းနိုင်** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉၉/ခ)၊ ကြီးပွားရေး (သွတ်ပိုင်းကြီး)၊ မြေကွက်အမှတ်(၁၉၉/ခ)၊ အကျယ်အဝန်း ဧရိယာ(၂၀x၆၀)ပေရှိ ဂရန်မြေကွက်၏ မခွဲစိတ်ရသေးသောမြေ၏ (ခြေရင်းဘက်ခြမ်း) (၁၀x၆၀)ပေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းကြည်(ကွယ်လွန်)၏ သမီးအရင်းဖြစ်သူ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်နေဝင်းမာ[၁၂/သဃက(နိုင်)၁၇၄၃၆၄]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ သည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ(၇)ရက်အတွင်း ကျွန်ုပ်ထံတို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**Ph:09-440655738,09-450051703**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး**

## ဒေါ်ညွန့်ညွန့် (ခ) ဒေါ်ညွန့်ကြည် (ဓနအသင်း)

**(ဝင်းညွန့်ညွန့်စိန်ရွှေရတနာဆိုင်)**

**အသက်(၇၄) နှစ်**

ကလောမြို့နေ (ဦးဖြူ-ဒေါ်ရီ)တို့၏ သမီး၊ ထောက်ကြန့်မြို့နေ (ဦးချစ်စိန်-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၉)နေ (ဦးဝင်းသန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မိမိခိုင်၊ ဗိုလ်မှူးကြီးတင်မောင်လတ်(ငြိမ်း)-ဒေါ်စန္ဒာခိုင်၊ ဦးစိုးကျော်သူ-ဒေါ်တင်ဥမ္မာလွင်တို့၏ ချစ်လှစွာသောမိခင်၊ မစိုးရတနာဝင်း(တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၊ မောင်ဝင်းဘုန်းထွဋ်မောင်(တက္ကသိုလ်ဝင်တန်း)၊ မဖူးမြတ်နေခြည်ကျော်ဝင်း (Grade-11၊ အထက-၂၊ ကမာရွတ်)၊ မမိုးပွင့်ဟေသီကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မမြတ်မှူးဟေသီကျော်ဝင်း (Grade-4၊ အထက-၂၊ ကမာရွတ်)၊ မောင်မင်းရဲဘုန်းဝင်းမောင် (Grade-4၊ အထက-၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ညွန့်ကြည်သည် ၁၃-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ARYU International Hospital၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၅-၉-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီး ဦးချိုချို (၉၄)နှစ်

**လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ကြို့ပင်ကောက်မြို့နယ်၊ ကျွဲဘိရွာနေ (ဒေါ်ခင်ပြုံး)၏ခင်ပွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (ဒုတိယအမြဲတမ်းအတွင်းဝန်) ဦးမျိုးတင့်ထွန်း-ဒေါ်နိုင်နိုင်လင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဆရာကြီးဦးချိုချို အသက် (၉၄)နှစ်သည် ၁၂-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်(ဒုတိယဝန်ကြီး) ဇနီး ဒေါ်သန်းသန်းဌေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီး ဦးချိုချို (၉၄)နှစ်

**လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ကြို့ပင်ကောက်မြို့နယ်၊ ကျွဲဘိရွာနေ (ဒေါ်ခင်ပြုံး) ၏ ခင်ပွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (ဒုတိယအမြဲတမ်းအတွင်းဝန်) ဦးမျိုးတင့်ထွန်း-ဒေါ်နိုင်နိုင်လင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဆရာကြီးဦးချိုချို အသက် (၉၄)နှစ်သည် ၁၂-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်)နှင့်**
**စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## တော်ဝင်နှင်းဆီ ဦးစိုးညွန့်

**အသက်(၇၄)နှစ်**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း၏ နှစ်စဉ်ပြုလုပ်နေကြ မိတ်ဆုံဂုဏ်ပြုပွဲများနှင့် အခြားကိစ္စများတွင် အစဉ်အမြဲ ကူညီဆောင်ရွက်ပေးနေသော တော်ဝင်နှင်းဆီဦးစိုးညွန့် (၇၄)နှစ် (ဂုဏ်ထူးဆောင်အသင်းသား၊ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း)၊ (ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသားဟောင်း၊ 'အ'သုံးလုံးအဖွဲ့ဝင်ဟောင်း)သည် ၁၂-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်နွဲ့ (၈၇)နှစ်

မြောင်းမြမြို့၊ အမှတ်(၁၀၁)၊ (A-၂)လမ်း၊ ဘုရားချောင်းရပ်ကွက်နေ ဦးထွန်းရှိန် (ရဲအုပ်-ငြိမ်း)၏ဇနီး၊ ဦးမွန်ကျော်မြင့်-ဒေါ်သန်းသန်းဆွေ၊ ဦးသန်းဇော်ထွန်း (မြို့နယ်ပညာရေးမှူးရုံး၊ မြောင်းမြ)၊ ဒေါ်စီစီငြိမ်း၊ ဒေါ်မိုးမိုးဌေး(ခရိုင်ပညာရေးမှူးရုံး၊ မြောင်းမြ)၊ မောင်ရှမ်းလေးတို့၏ မွေးသမိခင်ကြီး၊ ဗိုလ်ကြီးသန်းထိုက်ကျော် (တပ်မတော်ဆေးရုံ၊ မြဝတီ)၊ မထက်ထက်လင်း၊ မောင်ညီရဲရင့်၊ မောင်ငြိမ်းချမ်းနေဘ်တို့၏အဘွား ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ခင်နွဲ့သည် ၁၂-၉-၂၀၂၀ ရက် နံနက် ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် မြရတနာရပ်ကွက် အေးရိပ်သာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ဘုရားချောင်းရပ်ကွက်၊ (A-၂) လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်နန်းထားထားလွင်

**အသက်(၈၂)နှစ်**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့၊ တိုင်းရင်းသားနှစ်ခြင်းအသင်းတော် သင်းအုပ်ဆရာကြီး (ဦးသီလ)-ဆရာမကြီး ဒေါ်မေရီယံတို့၏ သမီး၊ ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ (၃၀၄)နေ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ ဒုရဲမှူးကြီးစိုင်းအောင်မင်း(ငြိမ်း)၏ ဇနီး၊ စိုင်းမင်းဦး-နန်းယဉ်ယဉ်ကျော်၊ စိုင်းမင်းဇော်-နန်းဝါဝါမင်း၊ (နန်းနီနီမင်း)တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ကျောင်းဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ဆွေ (သန်လျင်မြို့)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရ-သုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

**အသက်(၇၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှတ်(၁၂၄)၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ ဒါရိကာရပ်ကွက်နေ (ဦးညွန့်သိန်း-ဒေါ်လှကြည်)တို့၏ သမီး၊ ဦးအောင်မြင့်-ဒေါ်အေးအေးတင်၊ ဦးမောင်မောင်တာ-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးခင်မောင်မြင့်တို့၏ အစ်မကြီး၊ ဦးညွန့်လင်းအောင်-ဒေါ်တင်ဇာလှိုင်၊ ဒေါ်ထက်ထက်အောင်၊ ဒေါ်ခင်မြင့်သွယ်တို့၏ကြီးကြီး ဒေါ်မြင့်မြင့်ဆွေသည် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းထွန်း

**အသက်(၅၄)နှစ်**

**Ex-Chief Officer [F/G-Marine]**

**CDC-23476**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၁)၊ မြေညီထပ်(A)နေ (ဦးမောင်မောင်)-ဒေါ်ကြည်တို့၏သား၊ (ဦးကိုကိုကြီး)-ဒေါ်ခင်ငွေးမူတို့၏ သားသမက်၊ ဒေါ်မိမိခိုင်၏ခင်ပွန်း၊ မဆုလှိုင်ထွန်း၊ မောင်မင်းခန့်ထွန်း (Grade-10၊ အထက-၆၊ အလုံ)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းထွန်းသည် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပန်းလှ

**အသက်(၉၂)နှစ်**

**(ရွှေမြင်းပျံရွှေဆိုင်-မော်လမြိုင်)**

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ အမှတ် (၃၃၁/ဘီ)နေ ဦးထွန်းလင်း၏ ဇနီး၊ ဦးသန်းနိုင်ထွန်း၊ ဒေါ်ယုယုစန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဖြိုးမင်းအောင်၊ ဒေါက်တာသုခိုင်ရွှေ၊ မမြသဇင်ခိုင်တို့၏အဘွားသည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးသန်းနိုင်(ဝါးခယ်မမြို့)

**အသက် (၇၃)နှစ်**

ဝါးခယ်မမြို့၊ ဆေးရုံရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (၄)နေ (ဦးမောင်ခင်-ဒေါ်ကြည်)တို့၏သား၊ (ဒေါ်ခင်မာဦး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဆွေမြ၏ မောင်၊ ဦးဇေယျမောင်-ဒေါ်ခင်ဆွေရီ (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ကြူကြူဆွေတို့၏ အစ်ကို၊ (ဦးအုပ်ဖြိုးဟိန်း)၊ ဦးအာကာစိုး-ဒေါ်ဝင်းလဲ့ရွှေရည် (မန်နေဂျာ-ရောဝတီဘဏ်)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ရီသဲမောင်(စင်ကာပူ)၏ ဘကြီး၊ မောင်ဘုဏ်းနန္ဒဇော်၏ အဘိုးသည် ၁၄-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၂၀(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဝါးခယ်မသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း(ခ)ဦးမောင်မောင်သန်း

**လယ်-စိုက်-ရှင်း (ငြိမ်း)**

**အသက်(၇၁)နှစ်**

(ဦးဘကြည်-ဒေါ်ဖွားသန့်)တို့၏ သား၊ ဦးထွန်းလင်း၏ ညီ၊ ဒေါ်မိမိကြီး၏အစ်ကို ဦးသန်းထွန်း(ခ)ဦးမောင်မောင်သန်းသည် ၁၁-၉-၂၀၂၀ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိန်ထွန်း

**အသက်(၆၇)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ (ဦးကျော်-ဒေါ်ရွှေဥ)တို့၏ တတိယမြောက်သား၊ ဒေါ်ရှီစီမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်သန်း)-ဒေါ်နန်းမြဦး၊ (ဦးဘိုနီ)တို့၏ ညီ၊ (ဦးဖေမြင့်)၊ ဦးသန်းမြင့်-ဒေါ်ကြူကြူ၊ ဦးဇော်မင်း-ဒေါ်ထွေးထွေးငြိမ်းတို့၏ အစ်ကို၊ ဦးဇော်မင်းထွန်း-ဒေါ်ကြာညိုသင်းသွယ်၊ ဦးတိုးဝေထွန်း-ဒေါ်တင်တင်ဝင်း၊ ဦးပြည့်ဖြိုးအောင်-ဒေါ်မြတ်ဖြိုးဝေ၊ ဦးအေးချမ်းဇော်-ဒေါ်မြတ်နိုးဝေ၊ မမြတ်မိုးဝေတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သီတာအောင်(ပေါင်းတည်မြို့နယ်ပညာရေးမှူး)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် (၉၀၇/ဂ)၊ ကျော်သူ (၁၈)လမ်းနေ (ဦးညွန့်စိန်)-ဒေါ်သန်းအေး (ဒေါ်သီလဝတီ)တို့၏ သမီးကြီး၊ ဦးထွန်းထွန်းအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဦးဇော်မိုးအောင်၊ ဦးကျော်မိုးအောင်တို့၏အစ်မ ဒေါ်သီတာအောင် (ပေါင်းတည်မြို့နယ်ပညာရေးမှူး)သည် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းထိုက် (သဲကန်ရွာ၊ ဝမ်းတွင်းမြို့နယ်) (၄၇)နှစ်

**Second Mate F.G. (Lizstar Shipping Co.,Ltd)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ (၁)လမ်း၊ အမှတ်(၃၈၇/က)နေ (ဦးစိုးပိုင်)-ဒေါ်ခင်ရွှေတို့၏ သား၊ ဦးကြည်အောင်၏တူ၊ တောင်ဥက္ကလာပမြို့ နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ (၉)လမ်း၊ အမှတ်(၁၂၁/၂)နေ ဦးခင်မောင်ရီ-ဒေါ်တင်တင်ဦးတို့၏ သားသမက်၊ ဒေါ်ထွေးထွေးရီ၏ခင်ပွန်း၊ မယွန်းစန္ဒီထိုက် (သတ္တမတန်း၊ အထက-၁၊ မြောက်ဥက္ကလာပ)၊ မောင်ကောင်းခန့်သန့် (G-4၊ အမက-၁၊ ဗဟန်း)တို့၏ မွေးဖခင်ကျေးဇူးရှင်၊ ဦးသိန်းမြင့်-ဒေါ်စန်းကြိုင်တို့၏ မောင်၊ ဦးတင်မောင်ထွန်း-ဒေါ်လှစန်းဝင်းတို့၏အစ်ကို ဦးသန်းထိုက် (Second Mate F.G.)သည် ၉-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀ နာရီတွင် MV.KOBARID သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀(အင်္ဂါ နေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အိမ်တော်ရာစေတီတော်မြတ်ကြီး၏ဩဝါဒါစရိယ

## ဘဒ္ဒန္တဓမ္မ (ကြံတိုင်းအောင်ဆရာတော်ကြီး)

## သိက္ခာတော် (၆၄)ဝါ၊ သက်တော် (၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာတိုက်၊ ဓမ္မရိပ်သာကျောင်း၊ လှည်းကူးမြို့နယ်၊ မြို့လေးစွန်းကျေးရွာ၊ နန်းဦးဓမ္မရိပ်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လှည်းဆိပ်ကြီးကျေးရွာ၊ မင်္ဂလာကန်တော်ဦးကျောင်းတိုက်တို့၏ ပဓာန မဟာနာယက၊ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဘဒ္ဒန္တဓမ္မ (ကြံတိုင်းအောင်ဆရာတော်)၊ သိက္ခာတော် (၆၄)ဝါ၊ သက်တော် (၈၄)နှစ်သည် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်) ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၅-၉-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန (အကျဉ်းချုံး)ပူဇော်မည်ဖြစ်ပါကြောင်း။

ကြံတိုင်းအောင်ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးထင်ရှန်

**အသက်(၉၉)နှစ်**

**ရေဒီယိုစက်ပြင် (U.B.A) (အငြိမ်းစား)**

ရန်ကုန်မြို့နေ (ဦးရန်ရှူ-ဒေါ်မယ်ပုံ)တို့၏ သား၊ (ဦးဆောင်း-ဒေါ်ညွန့်)တို့၏ သားသမက်၊ ထိုင်ဝမ်နေ ဒေါ်တင်ကြည်(ခ)ဒေါ်ဆင်းရုံ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဥာဏ်၊ ဒေါ်ခင်အေးယု-ဦးထွန်းအောင်၊ ဒေါက်တာသိန်းဥာဏ်၊ ဒေါက်တာစိုးဥာဏ်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးကြီး၊ (ဦးယုန်ရှန်-ဒေါ်လှသန်း)၊ (ဒေါ်ကျင်ဟန်)၊ (ဒေါ်ကျင်ဟုန်)တို့၏ ညီ/မောင်၊ (ဦးသိန်းရှန်)-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ရီရီမြင့်-(ဦးသန်း)၊ ဦးတင်မြင့်တို့၏ အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ ဘကြီးသည် ၁၂-၉-၂၀၂၀ (စနေနေ့)တွင် ထိုင်ဝမ်စံတော်ချိန် ညနေ ၅:၃၈ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်စိန် (ဟသ်ာတ၊ ခြောက်ရွာ)

**အသက်(၉၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ခြောက်ရွာနေ (ဦးဆိုင်-ဒေါ်လယ်ယောက်)တို့၏ ဒုတိယသမီး၊ (ဦးရောင်ထွန်း-ဒေါ်ကြည်ကြည်)တို့၏ ညီမ၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၂၆)နေ (ဦးမောင်မောင်နီ)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်မြတ်ကျော်-ဒေါ်ခင်ဆွေမြင့် (ဌာနခွဲမှူး-ငြိမ်း-စက်မှု-၁)၊ ဦးကျော်စိုးဝင်း-(ဒေါ်စန်းစန်းရီ)၊ ဒုတိယရဲမှူး ဝင်းအောင်နီ (ငြိမ်း)-ပါမောက္ခဒေါက်တာခေမာမြ (ပါမောက္ခချုပ်-ငြိမ်း)၊ ဦးမြင့်ဆွေ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာန)-ဒေါ်ဆွေဆွေသင်း (တိမွေးကုဦးစီးဌာန-ငြိမ်း)၊ ဦးစိန်ဘောဂ-ဒေါ်နီနီထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် တာမွေမြို့နယ် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်စိန် (ဟသ်ာတ၊ ခြောက်ရွာ)

**အသက်(၉၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ခြောက်ရွာနေ (ဦးဆိုင်-ဒေါ်လယ်ယောက်)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၂၆) နေ (ဦးမောင်မောင်နီ)၏ ချစ်လှစွာသောဇနီး၊ ကိုရန်အောင်စိုး-မပွင့်ရည်နန္ဒာ(UK)၊ မတင်ဇာပိုင်-ကိုဇော်ဝင်းမြင့်၊ ဗိုလ်မှူးဥာဏ်ထက် (တပ်မတော်-ရေ)၊ မခိုင်ဇံဝေ-ကိုညီညီမောင်၊ မရတနာဖြိုး-ကိုကျော်ဇင်လင်း၊ ဒေါက်တာရန်နိုင်စိုး၊ မမို့မို့စံ-ကိုရဲမြင့်မောင်၊ ကိုအောင်ရဲပိုင်-မအိမ့်သန္တာအောင်၊ မခင်သီရိထက်(AYA-BANK)၊ ကိုဇေယျာစိုး(USA)၊ ကိုအောင်သူဟိန်း(USA)တို့၏ ချစ်လှစွာသော အဘွား၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် တာမွေမြို့နယ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အနိစ္စ

**သင့် သွေးဖြင့် အသက် ကယ်ပါ**

# စက်တင်ဘာ ၁၄ ရက် ည ၈ နာရီအထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၁၉၅ ဦးနှင့် သေဆုံးသူ ၃၂ ဦး ရှိလာပြီ

**COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၄–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၄–၉ –၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၀၁၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) ဓာတ်ခွဲနမူနာ (ပထမအသုတ်) (၂၈၄) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၅၀) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၉) ခု
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခု
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခုနှင့်
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၈) ခု စုစုပေါင်း (၂၂၁၄)ခု အား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

• COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၀) ဦး တွေ့ရှိရပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂

## သတင်းထုတ်ပြန်ချက်

၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ချွတ်ပြင်နှင့်မောင်နုရွာ ဖြစ်စဉ်များအား စုံစမ်းစစ်ဆေးရန်အတွက် ဗိုလ်ချုပ်မြတ်ကျော် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ထိုစုံစမ်းစစ်ဆေးမှု၏ ဆက်လက်ဆောင်ရွက်မှုအတိုင်းအတာနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ နှစ်မကုန်မီတွင် အမှုဖြစ်စဉ်ကို စစ်တရားရုံးဖြင့် စတင်စစ်ဆေးဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် မောင်နုရွာဖြစ်စဉ်၏ စုံစမ်းမှုတွင် စွပ်စွဲဖော်ပြနေကြသည့် တောင်ဘဇာရွာဖြစ်စဉ်လည်း ပါဝင်ပြီးဖြစ်သည်။

ထို့အပြင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာနှင့် နောက်ဆက်တွဲများ၊ အခြားသော သတင်းအချက်အလက်များအပေါ် စစ်ဥပဒေချုပ်ရုံး၏ စိစစ်သုံးသပ်ခဲ့မှုအရ ၂၀၁၆–၂၀၁၇ တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်နိုင်ဖွယ်ရှိသော ချိုးဖောက်မှုများ၏ ကျယ်ပြန့်သည့်အသွင်သဏ္ဌာန်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ မောင်တောနယ်မြေရှိ ကျေးရွာများတွင် ဖြစ်ပွားခဲ့သည်ဟူသော စွပ်စွဲချက်များသည် ကျယ်ပြန့်စွာပြုလုပ်လျက်ရှိသည့် စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

## လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တို့တွင် ဖော်ပြထားပါသည်။

## နေရပ်ပြန်မြန်မာသင်္ဘောသားများ ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း စက်တင်ဘာ ၁၄**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း သင်္ဘောသား အလဲအလှယ်ပြုလုပ်ရန် တရုတ်နိုင်ငံမှ လာရောက်သည့် MT. HAI XING သင်္ဘောပေါ်မှ သင်္ဘောသား ရှစ်ဦး၊ အိန္ဒိယနိုင်ငံမှ လာရောက်သည့် M.V EVER ALLIANCE သင်္ဘောပေါ်မှ သင်္ဘောသား ငါးဦး၊ အိန္ဒိယနိုင်ငံမှ လာရောက်သည့် MT. BUSAN HOPE သင်္ဘောပေါ်မှ သင်္ဘောသား ၁၃ ဦး စုစုပေါင်းသင်္ဘောသား ၂၆ ဦးသည် ယမန်နေ့ ညနေပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဝင်ရောက်လာပြီး ဟိုတယ်၌ ကန့်သတ်စောင့်ကြည့်ထားကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❖



## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ နှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ နှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်တွင် နိုင်ငံပိုင်သတင်းစာ များဖြစ်သော မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ နှင့် **The Global New Light of Myanmar** သတင်းစာ တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် ကြီးကြပ်သူများ/တာဝန်ကျ ဝန်ထမ်းများ အနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့်အချက်များ**

စာမျက်နှာ » ၅

**မိုးရာသီနှင့် ဆက်စပ်နေသော လျှပ်စစ်အန္တရာယ်များ**

စာမျက်နှာ » ၁၀

**အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ စံချိန်တင် ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားသူပေါင်း ၄ ဒသမ ၈၅ သန်းသို့ ရောက်ရှိ**

စာမျက်နှာ » ၁၂

NEW MEMBER
အာရှတော်ဝင်ဆေးရုံ
ယခင်ကထက်ပို၍ခံစားနိုင်သော Discount ခံစားခွင့်များအပြင် အသစ်ထပ်မံ
ဖြည့်သွင်းထားသော အတွင်းလူနာခန်း Discount ခံစားခွင့်များကိုပါ ခံစားခွင့်ရှိသော
New Member Card များအား (1.10.2020) ရက်နေ့မှစတင် Member ဝင်၍
အသုံးပြုနိုင်ပြီဖြစ်ကြောင်း မိဘပြည်သူများအား အသိပေးကြေငြာအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက ([illegible]) သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှတ် (၁၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: (+951) 2304999, (+951) 7538055, Email: asiaroyal@asiaroyalhospital.com, Website: www.asiaroyalhospital.com